မြဝတီ

နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃၈)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၂၂ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

### ယခုဆွေးနွေးပွဲကြီးမှ စစ်မှန်သည့်အကြံပြုမှုများနှင့် စေတနာပါသည့်ထောက်ပြပြောဆိုမှုများကို မိမိတို့လေ့လာခွင့်ရပြီး နိုင်ငံ့အကျိုးကိုအထောက်အကူပြုလိမ့်မည်ဟုလည်း ယုံကြည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၁**

၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၂၂ ရက်)

# ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့

နှစ်စဉ် မတ်လ ၂၂ ရက်နေ့အား ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ထားသည်။ ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ **"ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့"** ဖြစ်သည်။ ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ရန်အတွက် ဘရာဇီးနိုင်ငံတွင် ၁၉၉၂ ခုနှစ်ကကျင်းပသော ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံတွင် အစီအစဉ်အမှတ်(၂၁) ဖြင့် ပဏာမအဆိုပြုခဲ့သည်။ ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့မှစ၍ ယခုနှစ်တိုင်အောင် နှစ်စဉ်ကမ္ဘာ့ရေနေ့အခမ်းအနားအား ကမ္ဘာတစ်ဝန်းလုံးတွင်ကျင်းပကြရာ ၂၀၂၅ ခုနှစ်သည် (၃၃) ကြိမ်မြောက်ဖြစ်သည်။

ကမ္ဘာ့ရေနေ့၏ အဓိကရည်ရွယ်ချက်များမှာ ရေအရင်းအမြစ်ထိန်းသိမ်းရန်လိုအပ်ချက်များအား သတိပြုမိစေရန်နှင့် တွေ့ကြုံရသည့်စိန်ခေါ်မှုများအား မတူကွဲပြားသောနည်းလမ်းများဖြင့် စုပေါင်းဖြေရှင်းနိုင်ကြရန်တို့ဖြစ်သည်။ ကမ္ဘာ့ရေနေ့တွင် ရေအရင်းအမြစ်ထိန်းသိမ်းရေးပြပွဲများပြသခြင်း၊ မှတ်တမ်းရုပ်ရှင်များထုတ်ဝေခြင်း၊ ညီလာခံနှင့်စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့အားဆောင်ရွက်ကြသည်။ ရေသည် ဤမြေကမ္ဘာအတွက် သဘာဝတရား၏အလှအပ အထူးခြားဆုံးသောလက်ဆောင်မွန်ဖြစ်သည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖုံးလွှမ်းလျက်ရှိကြောင်း ပညာရှင်တို့သတ်မှတ်ထားသည်။

ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်ရေငန်ဖြစ်ပြီး ၃ ရာခိုင်နှုန်းသာလျှင် ရေချိုဖြစ်၏။ ထူးခြားသည်မှာ ထိုရေချိုထု၏ ၇၀ ရာခိုင်နှုန်းသည် ရေခဲပြင်၊ ၃၀ ရာခိုင်နှုန်းသည် မြေအောက်ရေဖြစ်ပြီး မြစ်ချောင်းများအတွင်းတွင် စုစုပေါင်းရေချိုပမာဏ၏ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ သို့ဖြစ်ရာ ရေခဲမြစ်များသည် ကမ္ဘာ့ရေချိုထုအများဆုံးသိုလှောင်ထိန်းသိမ်းထားသည့် ရေချိုဘဏ်တိုက်များဖြစ်ကြသည်။ ရေခဲမြစ်ဆိုသည်မှာ ကိုယ်ပိုင်အလေးချိန်နှင့် ကမ္ဘာမြေဆွဲအားကြောင့် ကုန်းမြေပေါ်တွင် နိမ့်ရာသို့ ဖြည်းညင်းစွာ ရွေ့လျားနေသော ရေခဲပြင်အစုအဝေးများအားခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ရေခဲမြစ်ဟူသော အသုံးအနှုန်းတွင် တောင်ကြားရေခဲမြစ်များသာမက ရေခဲပြင်များအားလည်း ရေခဲမြစ်အမျိုးအစားများအဖြစ် သတ်မှတ်နိုင်ကြောင်းသိရှိရသည်။ အလွန်အေးသောဒေသများတွင် ဆီးနှင်းများ အထပ်ထပ်ကျရာမှ အချိန်ကြာမြင့်လာသောအခါတွင် သိပ်သည်းဆများလာပြီး ရေခဲပြင်များ တစ်လွှာပြီးတစ်လွှာဖြစ်ပေါ်ရာမှ ရေခဲမြစ်များဖြစ်ပေါ်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံမြောက်ဘက်ပိုင်း ကချင်ပြည်နယ် ပူတာအိုဒေသတွင် ရေခဲတောင်ရေခဲမြစ်များတည်ရှိပြီး အဓိကအသက်သွေးကြောမြစ်ဖြစ်သည့်ဧရာဝတီမြစ်သည် ရေခဲတောင်ဒေသမှ မြစ်ဖျားခံစီးဆင်းသည်။ သံလွင်မြစ်နှင့် မဲခေါင်မြစ်များသည်လည်း ဟိမဝန္တာရေခဲတောင်ဒေသတွင် မြစ်ဖျားခံ၍ တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းစီးဆင်းသည်။ ထို့ကြောင့် မြန်မာ့မြောက်ဖျားရေခဲမြစ်တို့သည် မြန်မာပြည်သူတို့၏အနာဂတ်အတွက် များစွာအရေးပါလှသည်။

ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီ အမျိုးသားဥယျာဉ်တို့သည် ရေခဲတောင်ဂေဟစနစ်ဖြင့် ဖွဲ့စည်းတည်ရှိကာ ရေခဲတောင်တောရိုင်းတိရစ္ဆာန်များ၊ ငှာနေငှက်များ၊ ရေခဲငါးများ၊ ဆေးဖက်ဝင်သစ်သီးသစ်ဥများ၊ ရေခဲတောင်သစ်ခွများ ပေါများကြွယ်ဝလှသည်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သည် တရုတ်နိုင်ငံ ရေခဲတောင်များနှင့်ဆက်စပ်လျက်ရှိသည်။ ဖုန်ကန်ရာဇီ အမျိုးသားဥယျာဉ်သည် အိန္ဒိယ ရေခဲတောင်များနှင့် ဆက်စပ်တည်ရှိပြီးဖြစ်သည်။ ရေခဲမြစ်များသည် ဤကမ္ဘာမြေအတွက် ရေချိုအများဆုံးသိုလှောင်ထားရာအရင်းအမြစ်များဖြစ်သည်။ ရေသည် ကောက်ပဲသီးနှံစားရေရိက္ခာတို့၏ ဖန်တီးရှင်၊ လျှပ်စစ်စွမ်းအား၏အခြေခံကုန်ကြမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ ပထဝီဝင်နိုင်ငံရေးအထိ အရေးပါသောအရာဖြစ်သည်။ နွေရာသီပူပြင်း၍ မိုးရေမရရှိသည့်ကာလများတွင် မြစ်ချောင်းများသည် ရေခဲမြစ်များ၏ကျေးဇူးကြောင့်သာ အသက်ဆက်နိုင်ကြခြင်းဖြစ်သည်။

ရေခဲမြစ်များသည်တိုက်စားမှုဖြင့်မတ်စောက်သောတောင်ကြားနှင့် ကျောက်ဆောင် ကျောက်ကမ်းပါးကဲ့သို့ဆန်းသစ်လှပသည့် ဘူမိဗေဒရုပ်သွင်မြေယာရှုခင်းများအား ထုဆစ်ပေးနိုင်သည်။ ထို့ပြင် ကမ္ဘာ့မျက်နှာပြင်အား ရေခဲဖုံးအုပ်ထားမှုကြောင့် အပူချိန်အားထိန်းညှိပေးနိုင်ခြင်း၊ မြစ်ရေများအား အေးမြသန့်စင်စေခြင်း၊ မြစ်ချောင်းများအတွင်းရှိ ရေနေသတ္တဝါများအတွက် လိုအပ်သော အာဟာရများ ပျော်ဝင်စီးဆင်းစေခြင်း၊ ရေခဲတောင်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးစေခြင်း စသည့်အကျိုးကျေးဇူးများကို ဖန်တီးပေးနိုင်သည်။ မြေထုအား ရေခဲမြစ်တို့ဖြင့်ဖုံးလွှမ်းထားသောကြောင့် မပျက်စီးမတူးဖော်ရသေးသည့် ကမ္ဘာ့သယံဇာတများအား ထိန်းသိမ်းစောင့်ရှောက်ပေးကာ သယံဇာတအလွန်အကျွံ ထုတ်ယူမှုကြောင့် ဂေဟစနစ်ပျက်စီးနိုင်မှုအား တစ်ဖက်တစ်လမ်းမှကာကွယ်ပေးလျက်ရှိသည်။

ရေခဲမြစ်များသည် ကမ္ဘာ့ရေချိုဘဏ်တိုက်များဖြစ်သည်။ ဤသည်ကို များစွာသတိမထားမိချိန်အတွင်း ပျောက်ကွယ်သွားခြင်းမဖြစ်ရအောင်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ရေချိုရရှိမှုသည် လူသားတိုင်း၏အခွင့်အရေးဟုဆိုပါက ရေအရင်းအမြစ်ဖြစ်သော ရေခဲမြစ်များထိန်းသိမ်းရေးသည်လည်း လူသားတိုင်း၏တာဝန်ဖြစ်သည်။ ရေသည်ဤကမ္ဘာကြီးအတွက်၊ လူသားတို့၏စိုက်ပျိုးမွေးမြူရေးအတွက် ကောင်းကျိုးပြုသောအရာဖြစ်သည်။ ရေများမကွယ်ပျောက်စေရေးကိုလည်း လူသားတို့က ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထို့ကြောင့် **"ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့"** ဟု ကမ္ဘာ့ရေနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က)** ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။

**(ခ)** နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

**(ဂ)** နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

**(ဃ)** ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ကျောက်ဆည်မြို့နယ် တမုတ်စိုက်ပျိုးရေးနည်းပညာပေး ရွှေ့တန်းစခန်း၌ ပဲတီစိမ်း ၉၉၈၆ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် မတ် ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးရေးနည်းပညာပေးစခန်းခြောက်ခုရှိပြီး နွေစပါး၊ နွေနှမ်း၊ မိုးကြိုပဲတီစိမ်း၊ မိုးကြိုဝါသီးနှံများကို စီမံကိန်းသီးနှံအဖြစ်သတ်မှတ်ကာ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ သီးနှံများအောင်မြင်ဖြစ်ထွန်းရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို ရေမြောင်းများဖြင့် အလှည့်ကျပေးဝေလျက်ရှိကြောင်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တမုတ်စိုက်ပျိုးရေးနည်းပညာပေးရွှေ့တန်းစခန်း၌ ပဲတီစိမ်း ၉၉၈၆ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တမုတ်စိုက်ပျိုးရေးနည်းပညာပေးရွှေ့တန်းစခန်းမှ မိုးကြိုပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ဇီးတော၊ နွားတက်၊ တမုတ်မြောင်းရေများဖြင့် လက်ပံပင်ကျေးရွာ၌ ၁၇၆ ဧက၊ မယ်ဇယ်ပင်ကျေးရွာ၌ ဧက ၁၉၀၊ တံစိုးကျေးရွာ၌ ၃၅၂ ဧက၊ သူငယ်တော်ကျေးရွာ၌ ၁၉၅ ဧက၊ ပွတ္တိုင်ကျေးရွာ၌ ၁၄၂၄ ဧက၊ မြောင်းဦးကျေးရွာ၌ဧက ၆၆၀၊ နောက်သာဂရကျေးရွာတွင် ၉၈၅ ဧက၊ ရွာပုလဲကျေးရွာ၌ ၅၄၁ ဧက၊ ကတဲကျေးရွာ၌ ၉၁၄ ဧက၊ ပန်ကျေးရွာ၌ဧက ၃၈၀၊ ဇရပ်ဖြူကျေးရွာ၌ ၄၄၄ ဧက၊ သင်ပုတ်ကျေးရွာ၌ ၉၆၃ ဧက၊ ညောင်ရွှေကျေးရွာ၌ ၅၄၈ ဧက၊ ရွာနန်းကျေးရွာ၌ ၇၀၅ ဧက၊ ငါးအိုးကျေးရွာ၌ ၂၉၅ ဧက၊ လက်ပံကျေးရွာ၌ ၃၁၉ ဧက၊ ညောင်ဝန်းကျေးရွာ၌ ၅၀၈ ဧက၊ ကြောင်ပန်းကုန်းကျေးရွာ၌ ၃၈၇ ဧက စုစုပေါင်း ၉၉၈၆ ဧက စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ မိုးကြိုပဲတီစိမ်းသီးနှံများ လျာထားချက်ထက်ကျော်လွန်စွာ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် အောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများလုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၂-၃-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

❖ စာမျက်နှာ ၅ မှအဆက်

ဂုဏ်ပြုအလှူငွေပေးအပ်လှူဒါန်းပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၏ စားရိပ်သာနှင့် စားချက်ဆောင်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့်ဆေးအကာအကွယ်ပေးရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ဆက်ဆံရေးစခန်းကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၁ / ၂၀၂၅) ဆင်းပွဲကျင်းပပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆုရကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မတ် ၂၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ ရှမ်းပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရှမ်းပြည်နယ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဒုတိယဥက္ကဋ္ဌ ဝံသာနုရက္ခိတအသင်း ဝံသာနု သီတဂူဓမ္မစကူးကျောင်းမှ နာယကတစ်ဦးက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများနှင့် သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ ဝံသာနုရက္ခိတအသင်း ဝံသာနု သီတဂူဓမ္မစကူးကျောင်းမှ ကလေးငယ်များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အိန္ဒိယနိုင်ငံ၏ Quick Impact Projects အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော စီမံကိန်းပိတ်ပွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Departmental E-library Project ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူသည် ယနေ့မွန်းလွဲပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသည့် အိန္ဒိယနိုင်ငံ၏ Quick Impact Projects အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် Departmental E-library Project နှင့် Water Supply Using Solar Power in the Drought Affected Villages of Central Dry Zone of Myanmar Project တို့၏ စီမံကိန်းပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ ဒုတိယဝန်ကြီးက အိန္ဒိယနိုင်ငံ၏ ကူညီပေးမှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန စာကြည့်တိုက်အား Departmental E-library အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီဖြစ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းစဉ်အထောက်အကူပြုအချက်အလက်များနှင့် သုတ/ရသစာပေများအား Electronic ပုံစံဖြင့် တစ်နေရာတည်းတွင် ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်ပြီး ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး မကွေးခရိုင်မကွေးမြို့နယ်အင်တိုင်းကြီးကျေးရွာအုပ်စု ကဒေါင်ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ဇရပ်ကုန်းကျေးရွာအုပ်စု ဆူးရစ်တန်းကျေးရွာတို့တွင် ဆိုလာစနစ်အသုံးပြုပြီး အဝီစိတွင်းတူးဖော်ခြင်းနှင့် ရေတင်ခြင်းလုပ်ငန်းနှစ်ခုကို ဆောင်ရွက်နိုင်ခဲ့ပြီး စီမံကိန်းနှစ်ခုအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးကြသော အိန္ဒိယနိုင်ငံအစိုးရနှင့်တကွ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိကြောင်းနှင့် ရှေ့ဆက်၍လည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးနွေးထွေးသည့် ဆက်ဆံရေးများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur က စီမံကိန်းလုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်စွာပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူ စကားပြောကြားခြင်း၊ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြခြင်း၊ စီမံကိန်းဆောင်ရွက်မှု Video Clip ကြည့်ရှုခြင်း၊ Departmental E-library ၏ စီမံကိန်းဆိုင်းဘုတ်အား တက်ရောက်လာသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းပြီး စာကြည့်တိုက်အတွင်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

## တပေါင်းပုံရိပ် အတိတ်ပန်းချီ မြန်မာပြည် (အဲချင်း)

* လက်ပံငယ်မှ နီတျာ
တပေါင်းနေမင်း၊ ဆောင်းငွေနှင်းကို
စစ်ခင်းမောင်းထုတ်၊ နွေသရုပ်၏
ဥသြသံနွဲ့၊ လက်ာဖွဲ့သည်
လွမ်းဘွဲ့ဟေမဝါတဲ့လေ။

* ဘာသာငယ်မှ တွန်ကျူး
သဲသဲလှုပ်ညံ၊ ဆက်ရက်သံတို့
ပင်ယံမြူးကြ၊ နွေဦးပန်းချီ
သိင်္ဂီတစ်ဝက်၊ မြတစ်ဝက်နှင့်
စုတ်ချက်ကယ်ပီသည်
တိမ်ပလီသူ့ချွဲလို့
ကဲပိုမှုများ။

* ရှည်လျားငယ်မှ သမယ
သည်ကာလဝယ်၊ မြန်မာ့မြေပေါ်
ဖက်ဆစ်ဘီလူး၊ နယ်ချဲ့ရူးတို့
သူကျူးကျော်ကို
တော်လှန်တိုက်ထုတ်၊ ရန်မြစ်နုတ်ကြ
မဆုတ်ရဲရဲ
ဘာမထီဖွဲ့၊ ဇာနည်ခဲတို့
အသည်းပေါင်းစု
တစ်နှစ်တစ်ခါ၊ သစ်သစ်သာ
ရာသီလုခဲ့ပြီး၊ နုဆဲပျိုဆဲ
နွေသဘင် ဆင်ယင်နွှဲလို့
အောင်ပွဲကိုကျင်း။

* မယွင်းငယ်မှခိုင်မာ
လေးသစ္စာဟု၊ ကမ္ဘာသိကြွေးကြော်
မြန်မာ့တပ်မတော်လည်း၊ ပေါ်ပေါ်ထင်ထင်
သနစ်မရိုင်း၊ စစ်သမိုင်းမှာ
ဆစ်ပိုင်းတင်ခဲ့၊ အသွင်ခံ့ညား
အမျိုးဘာသာ၊ ပြည့်ဝန်တာကို
ရင်မှာထားလို့၊ တံခါးဖွင့်ငြိမ်းချမ်းရေးနဲ့
ညီညွတ်ရေး တေးတစ်ပိုဒ်ကို
နှစ်ခြိုက်စွာ သံစုံကျူးတော့
တို့မြန်မာ အရုဏ်ဦးက
ကြည်နူးခြင်းလေး။ ။

**ခက်လှိုင်းကျော်**

## ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်

တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူ့စစ်မဟာဗျူဟာကိုဖော်ဆောင်ဖို့လုပ်ဆောင်ရာမှာ ပြည်သူ့စစ်အဖွဲ့တွေ၊ ဒေသခံကာကွယ်ရေးအဖွဲ့တွေ ဖွဲ့စည်းခြင်းထက် ဥပဒေနဲ့ပိုမိုညီညွတ်ပြီး စည်းစနစ်ကျတဲ့ ပြည်သူ့စစ်မှုထမ်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာပဲဖြစ်တယ်။

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်တွင်ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၂၇-၃-၂၀၂၄



# နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် မတ် ၂၁

နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအလှူငွေပေးအပ်ပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူနှင့်စစ်ကြောင်းမှူးများ၊ စေတနာရှင်အလှူရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုအလှူငွေစုစုပေါင်း ငွေကျပ်(၂၈၁၉၅၃၀၀၀၀/) (ကျပ်သိန်းနှစ်သောင်းရှစ်ထောင်တစ်ရာ ကိုးဆယ့်ငါးသိန်းသုံးသောင်းတိတိ)ကိုပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်စန်းယုနိုင်၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ဆက်ဆံရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၏စားရိပ်သာနှင့်စားချက်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကျန်းမာရေးနှင့် ဆေးအကာအကွယ် ပေးရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။




နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် အလှူရှင် ဦးကျော်သူရအောင်က အလှူငွေများ ပေးအပ်လှူဒါန်းရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးထိန်ဝင်း လက်ခံရယူစဉ်။




နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူရှင် ဒေါ်တင်ရီက အလှူငွေများပေးအပ်လှူဒါန်းရာ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ လက်ခံရယူစဉ်။

# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၁

"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ (Forum on Myanmar Beyond 2025: Challenges and Opportunities in the Multipolar World) ကို ယနေ့တွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-I) တွင် ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကမ္ဘာကြီးသည် နိုင်ငံရေးစနစ်အမျိုးမျိုး၊ အိုက်ဒီအိုလော်ဂျီအမျိုးမျိုးကိုဖြတ်သန်းခဲ့ကြရာတွင် အားနည်းသူများသည် အားကြီးသူများခင်းထားသည့် လမ်းအတိုင်း လျှောက်လှမ်းခဲ့ကြရသည် ဖြစ်ပါကြောင်း၊ ဖြတ်သန်းခဲ့ကြသည့် ကမ္ဘာ့အထိုင် (World Order)များကို ပြန်ကြည့်မည်ဆိုပါက ဒွိဝင်ရိုးကမ္ဘာ့အထိုင်နှင့် ဧကဝင်ရိုးကမ္ဘာ့အထိုင်စနစ်များပဲဖြစ်နေပါကြောင်း၊ ယခုအခါ ကမ္ဘာကြီးသည် အချိုးအကွေ့တစ်ခုကို ရောက်လာပြီး ဗဟုဝင်ရိုးကမ္ဘာ့အထိုင်နှင့် လည်ပတ်သည့်အချိန်ရောက်လာခဲ့ပြီဆိုသည့် အကောက်အယူများ ကျယ်ကျယ်လောင်လောင်ထွက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ဗဟုဝင်ရိုးကမ္ဘာ့အထိုင် ပေါ်ပေါက်လာခြင်း၏ ထင်သာမြင်သာရှိသည့် အမှတ်သရုပ်ကို ပြပါဆိုလျှင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ဦးဆောင်ဖွဲ့စည်းခဲ့သည့် BRICS (ဘရစ်) အဖွဲ့ကြီးကိုပင် လက်ညှိုးထိုးပြရမည်ဖြစ်ပါကြောင်း၊ BRICS(ဘရစ်)အဖွဲ့ကြီး၏ မျှော်မှန်းချက်ကို ကြည့်မည်ဆိုပါကလည်း ဗဟုဝင်ရိုးကမ္ဘာ့အထိုင်ဆီ ဦးတည်ကြိုးပမ်းနေသည်ကို တွေ့နေရပါကြောင်း၊ အဖွဲ့ကြီး၏ မျှော်မှန်းချက်များသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများကို လေးစားလိုက်နာရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်နှင့် အချုပ်အခြာအာဏာဆိုသည့် စည်းမျဉ်းများကိုအခြေခံထားသည်ကိုတွေ့ရပါကြောင်း၊ ထို့ပြင် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုတွင် မတူကွဲပြားသည့်သဘောထားမျိုးစုံစုစည်းနိုင်ရန်နှင့် အစဉ်အလာကဲ့သို့ ဖြစ်နေသည့် လက်ဝါးကြီးအုပ်စိုးမှုများကို တွန်းလှန်နိုင်ရေး နည်းလမ်းရှာကြံရန်၊ အကြမ်းဖက်ဝါဒ၊ ဆိုက်ဘာရာဇဝတ်မှုနှင့် ရာသီဥတုနှင့်ဆက်နွယ်သည့်အကျပ်အတည်းစသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်ဖြစ်သည်ဆိုသည်ကို ဖော်ပြထားပါကြောင်း။

မတည်မြဲခြင်းဆိုသည့် လောကနိယာမအတိုင်း ဧကဝင်ရိုးကမ္ဘာ့အထိုင်သည် နိဂုံးချုပ်ချိန်ရောက်လာပြီဖြစ်သည့်အတွက် နိဂုံးချုပ်သွားခဲ့ရခြင်းဖြစ်ပါကြောင်း၊ အဟောင်းနေရာတွင် အသစ်များအစားထိုးမြဲအတိုင်း ဧကဝင်ရိုးကမ္ဘာ့အထိုင်နေရာတွင်ဗဟုဝင်ရိုးကမ္ဘာ့အထိုင်သည် အစားထိုးဝင်ရောက်လာခဲ့ပြီဖြစ်ပါကြောင်း၊ အပြောင်းအလဲနှင့်အတူ လိုက်ပါမပြောင်းလဲနိုင်ပါက မေးမှိန်ကွယ်ပျောက်သွားရသည် ဆိုသည့် ကမ္ဘာ့နိယာမအတိုင်း မိမိတို့ဖွံ့ဖြိုးဆဲနိုင်ငံလေးများသည် ကမ္ဘာ့ရေစီးကြောင်းနှင့်အတူလိုက်ပါပြောင်းလဲရန် မဖြစ်မနေကြိုးစားရန်းကန် ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် University of Fudan၊ China Academy မှ Professor Mr.Zhang Wei က ဗဟုဝင်ရိုးကမ္ဘာတွင် စီးပွားရေးပိတ်ဆို့မှုများ၊ ဒုံးကျည်လက်နက်ပိုင်ဆိုင်မှုများနှင့် ခွဲခြားဆက်ဆံမှုများကိုစံနှုန်းအဖြစ်သတ်မှတ်ထားခြင်းမရှိသည့်အတွက် တစ်ဖက်စွန်းမူဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေပါကြောင်း၊ တရုတ်၊ ရုရှားနိုင်ငံတို့နှင့် the BRICS၊ the ASEAN အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဗဟုဝင်ရိုးကမ္ဘာသည်လည်း စတင်ထွက်ပေါ်လာပြီဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည် ၁၉၈၀ ပြည့်နှစ်မှစပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေရရှိနေပြီဖြစ်ပြီး လက်ရှိတွင် စတုတ္ထစက်မှုတော်လှန်ရေးအတွက် Deepseek ကဲ့သို့ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဦးဆောင်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် အနောက်နိုင်ငံများလက်ကိုင်ထားသည့် "ခွဲခြားအုပ်ချုပ်ရေး" ထက် "စည်းလုံးပြီး အကျိုးကျေးဇူးမျှဝေခံစား" ဟူသည့်ဆောင်ပုဒ်ကို လက်ကိုင်ထားရှိကြောင်း၊ တရုတ်နိုင်ငံသည် ၁၂ နှစ်အကြာက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ရပ်ဝန်းနှင့်ပိုးလမ်းမကို အကောင်အထည်ဖော်ရာတွင် အဆိုပါဆောင်ပုဒ်ကို လက်ကိုင်ကျင့်သုံးလျက်ရှိပြီး လက်ရှိတွင် နိုင်ငံပေါင်း ၁၅၀ ကျော်သည် ရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ စီမံကိန်းပေါင်း ထောင်ပေါင်းများစွာကို ဖော်ဆောင်လျက်ရှိကြောင်း။

ထို့ကြောင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းသည်လူသားသမိုင်းတွင်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအတွက် ကောင်းမွန်သောစကြံ်တစ်ခုဖြစ်လာပါကြောင်း၊ အမေရိကန်နိုင်ငံသည် "အမေရိကန်သည်သာ ပထမ" ဟူသည့်ဆောင်ပုဒ်ကို လက်ကိုင်ကျင့်သုံးမည်ဆိုပါက ကမ္ဘာ့နိုင်ငံများအတွက်သာမက အမေရိကန်နိုင်ငံအတွက်ပင်လျှင် ကောင်းမွန်သော ရလဒ်ကောင်းများ ပိုင်ဆိုင်နိုင်မည်မဟုတ်ပါကြောင်း၊ သမ္မတဒေါ်နယ်ထရမ့်သည် လက်ရှိတွင် အဆိုပါမူဝါဒကို လက်ကိုင်ကျင့်သုံးရန် ကြိုးပမ်းလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal က အလယ်အလတ်အင်အားကြီးနိုင်ငံများနှင့် အနောက်မဟာမိတ်မဟုတ်သည့် မိတ်ဖက်နိုင်ငံများ ထွက်ပေါ်လာခြင်းက ပညာရှင်အချို့ခေါ်ဆိုနေကြသည့် မမျှတသောဗဟုဝင်ရိုး ဖြစ်ပေါ်ခြင်းဖြစ်ပါကြောင်း၊ ပညာရှင်တချို့က BRICS လို စီးပွားရေးအင်အားကြီးအုပ်စုနိုင်ငံများက ဒေသတွင်းနိုင်ငံများတွင် အာဏာလွှမ်းမိုးမှုများ တိုးတက်လာခြင်းကို ဦးစားပေးဖော်ပြခဲ့ပါကြောင်း၊ ထို့ပြင် ကမ္ဘာ့အဆင့်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အခိုင်အမာရရှိရန် ကြိုးပမ်းနေသည့် နိုင်ငံငယ်များကို ဗျူဟာမြောက်တွန်းလှန်နေသည့်အတွက် ဗဟုဝင်ရိုးကမ္ဘာကြီးပေါ်ပေါက်ရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်ပါကြောင်း။






တရုတ်နှင့် အမေရိကန်တို့ နည်းပညာနှင့် ကုန်သွယ်မှုများတွင် ပြိုင်ဘက်နိုင်ငံများဖြစ်လာသည့်အတွက် ဥရောပသမဂ္ဂ၊ အိန္ဒိယနှင့် စီးပွားရေးတိုးတက်လာသည့် နိုင်ငံများသည် ၎င်းတို့၏လွှမ်းမိုးမှုကို ကြုံတွေ့လာရသည့်အတွက် သံတမန်ရေးရာတွင်လည်းကောင်း၊ ကုန်သွယ်ရေးတွင်လည်းကောင်း၊ နည်းပညာပိုင်းတွင်လည်းကောင်း ဗဟုဝင်ရိုးကမ္ဘာကြီးအဖြစ် ဖြစ်ပေါ်စေရန် အကြောင်းတရားများ ဖန်တီးဖြစ်ပေါ်စေပါကြောင်း၊ အဆိုပါအရွေ့ကို အာရှတွင်ပိုမိုတွေ့မြင်နိုင်ပါကြောင်း၊ အာရှတိုက်သည် တစ်ဆင့်ခံလက်ဝေခံမဟုတ်တော့ဘဲ ကမ္ဘာလုံးဆိုင်ရာအာဏာပါဝါတွင် အဓိကနေရာမှပါဝင်လာပြီဖြစ်ပါကြောင်း၊ နီပေါနှင့်မြန်မာသည် အင်အားကြီးအိမ်နီးချင်းနိုင်ငံများကြားတွင် တည်ရှိနေပါကြောင်း။

ဂေါတမမြတ်စွာဘုရား၏ မွေးရပ်ဖြစ်သော နီပေါသည် ကမ္ဘာလုံးဆိုင်ရာ သံခင်းတမန်ခင်းတွင် soft power ကို ပေးစွမ်းလျက်ရှိပါကြောင်း၊ အိန္ဒိယနှင့် တရုတ်နိုင်ငံကြားတွင် တည်ရှိနေသော မြန်မာနှင့်နီပေါနိုင်ငံတို့အနက်နီပေါနိုင်ငံသည်ပထဝီဝင်နိုင်ငံရေးကြားခံနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက်အင်အားအသင့်အတင့်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး အရေးကြီးမှုအပေါ် လျှော့တွက်၍မရပါကြောင်း၊ အရှေ့တောင်အာရှ၏ တိုးတက်ပြောင်းလဲနေသော လုံခြုံရေးနှင့် စီးပွားရေးအခင်းအကျင်းတွင် မြန်မာ၏ ရပ်တည်ချက်သည် သိသာထင်ရှားသော လွှမ်းမိုးမှုကို ပေးဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၇ သို့ ■

**■ စာမျက်နှာ ၆ မှအဆက်**

ဆက်လက်၍အိန္ဒိယနိုင်ငံ Vivekananda International Foundation(VIF) မှ အကြီးတန်းသုတေသီ Mr.Vinod Kumar Anand က အိန္ဒိယနိုင်ငံရှုထောင့်မှကြည့်လျှင် မြန်မာနိုင်ငံသည် အရင်းအမြစ်ကြွယ်ဝပြီး မဟာဗျူဟာအရ အရေးပါသော နိုင်ငံဖြစ်ပါကြောင်း၊ အိန္ဒိယ၏ Act East Policy ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ပထဝီမြေအနေအထားအရ အရေးပါသည့် အိမ်နီးချင်းနိုင်ငံလည်းဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် IIT ထူထောင်ရေး စက်မှုလေ့ကျင့်ရေးစင်တာ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးများပံ့ပိုးမှုများကို မြန်မာနိုင်ငံအား ပံ့ပိုးကူညီပေးလျက်ရှိပါကြောင်း၊ မြန်မာ့ဒီမိုကရေစီအရေးအတွက် ကြိုးပမ်းအားထုတ်မှုများသည်အနောက်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ကြား အပြုသဘောဆောင်သော ပွဲတင်ထပ်မှုများကိုဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည်ကုန်သွယ်ရေး၊စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် ရေခံမြေခံကောင်းမွန်သော နိုင်ငံလည်းဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလသို့မဟုတ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် ကြိုးပမ်းဆောင်ရွက်မှုကို အိန္ဒိယနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း၊ တိုးတက်ပြောင်းလဲနေသော ဘက်စုံကမ္ဘာစနစ်၏ ပင်မရေစီးကြောင်းတွင်ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံသည် ၎င်း၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းကောင်းများစွာဖြင့် ယခုဘက်စုံကမ္ဘာစနစ်သစ်တွင် ပေးအပ်နေသော အခွင့်အလမ်းများကို ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံခြားရေးဒုတိယဝန်ကြီးဟောင်း Mr.Sihasak Phuang ketkeow က ယခုလက်ရှိပဋိပက္ခနှင့်အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် အမှန်စင်စစ်ခိုင်မာသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ပြုစုပျိုးထောင်ရသည့်မျိုးဖြစ်ပါကြောင်း၊ ပထဝီဝင်နိုင်ငံရေး ငြင်းခုံပြိုင်ဆိုင်မှုများ ပြင်းထန်လာသည်နှင့်အမျှ ပထဝီစီးပွားရေးနှင့် ပထဝီနည်းပညာပြိုင်ပွဲများ၏ ပြိုင်ဆိုင်မှုများသည်လည်း ဆက်လက်ပြင်းထန်လာနေပါကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို ကျောထောက်နောက်ခံပြုထားသည့်နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစည်းမျဉ်းများနှင့် အဖွဲ့အစည်းပေါင်းစုံ၏ပြင်းထန်သောတုံ့ပြန်မှုကို ရင်ဆိုင်နေရပါကြောင်း၊ တစ်ချိန်တည်းတွင် တစ်ဖက်သတ်ဝါဒ၊ အစွန်းရောက်အမျိုးသားရေးဝါဒ၊ လူကြိုက်များရေးဝါဒ ထွန်းကားလာမှုကို မိမိတို့အားလုံးတွေ့မြင်နေကြရပါကြောင်း။

အမေရိကန်အစိုးရသစ်၏ တာဝန်ယူမှုကလည်း အုပ်ချုပ်မှုအခြေခံသည့်နိုင်ငံတကာလိုလားချက်ဖြစ်သည့် အဓိကဗဟိုချက်ကိုယိမ်းယိုင်သွားသည်မှာ မိမိတို့ မျက်မြင်ကိုယ်တွေ့ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါနှင့် ရွှေ့ပြောင်းနေထိုင်မှု စသည့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကိုရင်ဆိုင်ရန် နိုင်ငံပေါင်းစုံနှင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်နေပါကြောင်း။

အထူးသဖြင့် ဒစ်ဂျစ်တယ်နှင့် AI နည်းပညာတိုးတက်မှုများက အသိပညာနှင့် စီးပွားရေးတိုးတက်မှု၏နယ်ပယ်အသစ်များကို မမြင်ဖူးမကြုံဖူးသည့် အရှိန်အဟုန်နှင့်အတိုင်းအတာတစ်ခုအထိ တိုးတက်လာနေပါကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာများကို ထင်မှတ်မထားသည့် ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်စေရန် အသုံးပြုလာကြပါကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး ပေါ်ပေါက်လာသည့် လစ်တရယ်ကမ္ဘာက ကမ္ဘာကြီး၏ အင်အားကြီးမှုကို လျော့ကျစေပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဝင်ရိုးသစ်နှင့် ဒေသတွင်းအင်အားများက တည်ရှိနေသည့် နိုင်ငံများ၏ အင်အားလွှမ်းမိုးမှုကို စိန်ခေါ်ခြိမ်းခြောက်မှု ဖြစ်စေပါကြောင်း၊ ထို့ကြောင့် ဝင်ရိုးသစ်ကမ္ဘာနှင့် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းများချမှတ်ခြင်းနှင့်နိုင်ငံပေါင်းစုံ အဖွဲ့အစည်းပေါင်းစုံ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြောဆိုလာရသည်များ တည်ရှိလာပါကြောင်း။

အလုံးစုံသော လုံခြုံရေးကို ကိုယ်တိုင်တည်ဆောက်နိုင်သည့် နိုင်ငံဟူ၍မရှိသေးပါကြောင်း၊ တစ်ဖက်သတ်ဝါဒ (Unilateralism) က မိမိတို့၏ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ရင်ဆိုင်နေရသည့် ဖိအားများနှင့် ဘက်ပေါင်းစုံကခြိမ်းခြောက်မှုများကိုသေချာပေါက် ဖြေရှင်းနိုင်မည်မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် အားကောင်းသည့်မိတ်ဖက်များနှင့် ဆက်ဆံရေးထူထောင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝန်းတစ်ခုဖြစ်ရန် စုပေါင်းတည်ဆောက်ကြရန်လိုပါကြောင်း၊ မိမိတို့အနေဖြင့် ခေါင်းဆောင်မှုနှင့် တူညီသည့် မျှော်မှန်းချက်များနှင့် မျှော်မှန်းချက်များကို မျှဝေပေးရန် လိုပါကြောင်း၊ ကမ္ဘာ့အသိုက်အဝန်းတစ်ရပ်ဖြစ်အောင် စဉ်းစားဆင်ခြင်ဖော်ဆောင်ခြင်းဖြင့် မိမိတို့၏ ဘုံစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ပြီး ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် အားလုံးအတွက် ပိုမိုသာယာဝပြောရေး အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရုရှားနိုင်ငံမှ ပါမောက္ခ Mr.Alexander Dugin က အွန်လိုင်းမှ ပြောကြားရာတွင် အနောက်ဝင်ရိုး နှစ်ပိုင်းကွဲသွားနိုင်သည်ကို မြင်တွေ့နေရပါကြောင်း၊ ဂရင်းလန်း၊ ကနေဒါအပါအဝင် အမေရိကန်နိုင်ငံတို့သည် လွတ်လပ်သည့် ဝင်ရိုးတစ်ခုဖြစ်သည့် အမေရိကန်ဝင်ရိုးနှင့် အီးယူတို့ကို ကိုယ်စားပြုနိုင်သည်ဟု အမေရိကန်များက ပြောနေကြပါကြောင်း၊ သမ္မတဒေါ်နယ်ထရမ့်သည် အီးယူလို ဝင်ရိုးတစ်ခုလည်း ဖန်တီးနိုင်ပါကြောင်း၊ civilizational state တစ်ခုမှာ North American Civilization နှင့် မတူသည့်အီးယူ Civilization ဖြစ်ပါကြောင်း။

ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အင်အားကြီးနိုင်ငံများ ဦးဆောင်သည့် ဗဟုဝင်ရိုးကမ္ဘာမြင်ကွင်းနှင့် အမေရိကန်များ ရှုမြင်သည့် ကမ္ဘာ့အထိုင်အနည်းငယ်ကွဲပြားနိုင်ပါကြောင်း၊ အရေးကြီးသည်မှာ အမေရိကသည် အမေရိကကို အောင်ပွဲခံခဲ့ပြီး ဖျက်ဆီးသွားမလား ဆိုတာပင်ဖြစ်ပါကြောင်း၊ ထိုအရာသည် အနောက်၏လွှမ်းမိုးမှုအတွက် အခြားရွေးချယ်စရာဖြစ်ပါကြောင်း၊ ဗဟုဝင်ရိုးကမ္ဘာဖြစ်ပေါ်လာမှုကို အချက်အလက်အနေဖြင့် လက်ခံကြပါကြောင်း၊ မိမိတို့သည် ဗဟုဝင်ရိုးကမ္ဘာထဲတွင် ရှင်သန်နေထိုင်ကြပါကြောင်း၊ ဧကဝင်ရိုးကမ္ဘာ ပြီးဆုံးသွားပြီဆိုသည်ကို အသေအချာပြောနိုင်ပါကြောင်း၊ ကမ္ဘာကြီး၏ အဓိကဦးတည်ရာအဖြစ် ဂလိုဘယ်လစ်အာဂျင်ဒါလည်း ထပ်ပြီးမရှိတော့ပါကြောင်း၊ ဗဟုဝင်ရိုးကမ္ဘာဖြစ်လာသည်ကို မိမိတို့ကြိုဆိုပါကြောင်း။

မိမိအနေဖြင့် အလေးပေး ပြောကြားလိုသည့် အချက်မှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားသည့် မြန်မာနိုင်ငံအကြောင်းပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းအင်အားကြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် ကိုယ်ပိုင်အမှတ်သရုပ်၊ ယဉ်ကျေးမှုဆိုင်ရာအမှတ်သရုပ်တို့နှင့်ပတ်သက်၍ စဉ်းစားသင့်ပါကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံကြားဟန်ချက်ညီမှုလည်းဖြစ်ပါကြောင်း၊ ကိုယ်ပိုင်ဒိုင်မန်းရှင်းတစ်ခု ဖန်တီးထိန်းသိမ်းခြင်းလည်းဖြစ်ပါကြောင်း၊ ထိုအရာသည် အခွင့်အလမ်း တံခါးပေါက်ဖြစ်သကဲ့သို့ အချုပ်အခြာအာဏာကို ပိုမိုခိုင်မာစေမှုလည်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုက ယခုဖိုရမ်သည် ဆွေးနွေးပြောဆိုမှုများအတွက် ပလက်ဖောင်းတစ်ခုအဖြစ်သာမက သိသာမြင်သာသော တိုးတက်မှုဆီသို့ ဦးတည်သည့် ခြေလှမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အားလုံးပါဝင်မှု၊ ရေရှည်တည်တံ့မှုနှင့် ကြံ့ကြံ့ခံနိုင်မှုများကို ဦးစားပေးသည့် မျှော်မှန်းချက်တစ်ရပ်ကို ဖန်တီးမှုအပေါ်တွင် အာရုံစိုက်ကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်များအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် မိမိတို့အနေဖြင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုအတွက် အခြေခံများကို တည်ဆောက်ပေးနိုင်ပါကြောင်း၊ ယခုဆွေးနွေးမှုများတွင် ပညာရှင်များ၏ တက်ကြွစွာပါဝင်မှုနှင့် ကတိကဝတ်များက မြန်မာနိုင်ငံသားအားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့်မူဝါဒများနှင့်လုပ်ငန်းစဉ်များကို ပုံဖော်ရာတွင် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်မည်ဖြစ်ပါကြောင်း။

ယခုဖိုရမ်၏အောင်မြင်မှုသည် အဓိပ္ပာယ်ရှိပြီး အပြောင်းအလဲကိုဗဟိုပြုသည့် ဆွေးနွေးမှုများကိုလုပ်ဆောင်ကြသော မိမိတို့၏စုပေါင်းအားထုတ်မှုများအပေါ် မူတည်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် ဆန်းသစ်မှုများနှင့် တိုးတက်မှုများကိုထွေးပွေ့ရင်း မြန်မာနိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားနိုင်မည့် အနာဂတ်လမ်းကြောင်းတစ်ခုကို ချမှတ်နိုင်ရန်အတွက် ယခုအခွင့်အရေးများကို မိမိတို့ရယူကြရမည်ဖြစ်ပါကြောင်း၊ အတူတကွလုပ်ဆောင်ခြင်းအားဖြင့် မိမိတို့သည် ချမ်းသာကြွယ်ဝမှုသာမကဘဲ ခြုံငုံပါဝင်ပြီး ကြံ့ကြံ့ခံနိုင်သည့် အနာဂတ်တစ်ခုအတွက် အခြေခံများကိုပါ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ရည်မှန်းချက်ကြီးများအတွက် ပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကို ကျေးဇူးအထူးတင်ပါကြောင်း၊ မြန်မာနိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်မိမိတို့ အားလုံး လက်တွဲလုပ်ဆောင်ကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် သုံးသပ်ဆွေးနွေးပွဲ အစီအစဉ်များ စတင်ကျင်းပရာ **“ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့် အာရှ၏ အခန်းကဏ္ဍ”**၊ **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”**၊ **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”** စသည့် ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များ ပါဝင်ဆွေးနွေးကြသည်။

**“ပြောင်းလဲနေသောဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏အခန်းကဏ္ဍ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဒါရိုက်တာ ဒေါက်တာနိုင်ဆွေဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး University of Fudan၊ China Academy မှ Professor Mr. Zhang Wei၊ နီပေါဝန်ကြီးချုပ်ဟောင်း Mr. Madhav Kumar Nepal၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာဆလိုင်းငွန်ကျုံးလျန်နှင့် မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့ (MISIS)မှ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဇော်တို့က ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့အတွက် ဆက်သွယ်ရေးဗဟိုချက်အဖြစ်တည်ရှိနေမှုစည်းလုံးညီညွတ်မှုအင်အားဖြင့် ကုန်သွယ်ရေးကဏ္ဍမြှင့်တင်ရေး၊ ပဋိပက္ခဖြစ်ပွားမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာခင်မောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကမ္ဘာ့ရေးရာ အိန္ဒိယကောင်စီမှ သုတေသနလက်ထောက် Dr. Mehdi Hussain၊ Distance Private University School မှ Professor Mr. Lorenzo Pacini၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ Director ဒေါက်တာဇော်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ၂၀၂၅ ခုနှစ်အလွန် မြန်မာနိုင်ငံကြုံတွေ့ရမည့် စီးပွားရေးစိန်ခေါ်မှုများနှင့်ပြောင်းလဲဖော်ဆောင်နိုင်မည့် အခွင့်အလမ်းများ၊ မြန်မာနိုင်ငံ၏ ၂၀၂၄ ခုနှစ် GDP တန်ဖိုးနှင့် စီးပွားရေး၊ ငွေကြေးဖောင်းပွမှု လျှော့နိုင်ခဲ့မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးတိုးတက်မှုနှုန်းပိုမိုရရှိရန် ဖော်ဆောင်ရမည့်အကြောင်းအရာများ၊ လက်ရှိရင်ဆိုင်နေရသည့် ပထဝီစီးပွားရေး စိန်ခေါ်မှုများ၊ နယ်စပ်ဒေသကုန်သွယ်မှု၊ ရေနက်ဆိပ်ကမ်းများ ဖော်ဆောင်နေမှု၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှု၊ မြန်မာ-အိန္ဒိယ အရှေ့မြောက်ဒေသရှိ စီးပွားရေးဆက်နွှယ်မှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြသည်။

ယင်းနောက် **“၂၀၂၅ အလွန် ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့် ရရှိနိုင်သည့် အခွင့်အလမ်းများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ Director ဦးကျော်လင်းဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံမဟာဗျူဟာရေးရာလေ့လာသုံးသပ်သူ Mr. Atul Aneja၊ ဂျပန်နိုင်ငံ Chiba University မှ Ms. Suzuka YOSHIDA၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့၏အကြံပေးပုဂ္ဂိုလ် ဦးညိုအုန်းမြင့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်ဒေါက်တာရင်ရင်နွယ်တို့က ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ လက်ရှိတည်ရှိနေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံမှု၊ သံတမန်အခင်းအကျင်း၊ လူမျိုးစုပေါင်းစုံတည်ရှိနေမှုနှင့် ပေါင်းစုအားလိုအပ်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ခေါင်းစဉ်အလိုက်ဆွေးနွေးသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲ တက်ရောက်လာကြသည့်နိုင်ငံတကာမှလေ့လာသုံးသပ်သူများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ နိုင်ငံရေးသုတေသီများ၊ မြန်မာနိုင်ငံအရေး စိတ်ဝင်စားကြသူများ၊ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ နိုင်ငံတကာ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်ပြည်တွင်းမှပညာရှင်များက ပြန်လည် ရှင်းလင်းဖြေကြားပေးကြသည်။


ယင်းနောက်ဆွေးနွေးပွဲသဘာပတိများက ဆွေးနွေးပွဲတစ်ခုလုံး၏ သုံးသပ်ဆွေးနွေးချက်များကို အနှစ်ချုပ်စုစည်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သုံးသပ်ဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က စီစဉ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏ အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ်နားလည်မှု စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့်ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာတွင် ပေါ်ပေါက်လာမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအားသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်





**နေပြည်တော် မတ် ၂၁**

၂၀၂၅ ခုနှစ်အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြွင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် သစ်ပင်၊ သစ်တောနှင့် ဂေဟစနစ်မျိုးစုံ၏အရေးပါမှုကိုပိုမိုသိရှိနားလည်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ "International Day of Forests" အဖြစ် ၂၀၁၂ ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်မှာ "Forests and Foods – သစ်တောများနှင့်စားရေရိက္ခာများ" ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါဖြစ်ပွားမှု၊ ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် စားရေရိက္ခာ ထုတ်လုပ်မှုကျဆင်းလာပြီး ကမ္ဘာပေါ်ရှိ လူဦးရေ ၇၃၃ သန်းခန့် ငတ်မွတ်မှုနှင့်ရင်ဆိုင်နေရပြီး လူဦးရေ ၈၁၅ သန်းခန့် အာဟာရချို့တဲ့လျက်ရှိကြောင်း ကုလသမဂ္ဂစားရေရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ထုတ်ပြန်ထားပြီး ကမ္ဘာ့စားရေရိက္ခာဖူလုံစေရေးအတွက် သစ်တောဂေဟစနစ်များ မြှင့်တင်ထိန်းသိမ်းပေးရန် နှိုးဆော်လျက်ရှိကြောင်း၊ စားရေရိက္ခာရရှိမှုနှင့် ထုတ်လုပ်မှုနည်းလမ်းများသည် တည်ငြိမ်သော ဂေဟစနစ်နှင့် ကောင်းမွန်မျှတသောရာသီဥတုရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ဂေဟစနစ်အားလုံး၏ဗဟိုချက်ဖြစ်သော သစ်တောဂေဟစနစ်များကို ကမ္ဘာ့နိုင်ငံများက ပိုမိုအလေးပေးထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေပြီး ရာသီဥတု မျှတစေရေးအတွက် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ လမ်းဘေးဝဲ/ယာစိမ်းလန်းစိုပြည်စေရေးအတွက် တစ်အုပ်တစ်မစိုက်ခင်းများစိုက်ပျိုးခြင်း၊ ထင်းလောင်စာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်းကို ဆောင်ရွက်လျက်ရှိသည့်အပြင် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်စေရေးအတွက် တစ်ရွာ နှစ်ဧကဘက်စုံသုံးစိုက်ခင်းများတည်ထောင် ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ Keynote Presentation ကို ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ်ဗီဒီယိုအား ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် ပိုစတာများကိုလှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သစ်တောများနှင့် စားရေရိက္ခာဖူလုံရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဆေးဖက်ဝင်အပင်များနှင့် သဘာဝသီးပင်စားပင်များ၊ ရေသယံဇာတနှင့် ဒီရေတောများ၊ ရေဝေရေလဲသစ်တောများ၊ ကမ်းရိုးတန်းသယံဇာတ ထိန်းသိမ်းရေးများနှင့်စပ်လျဉ်း၍ စာတမ်းများဖတ်ကြားဆွေးနွေးခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



**နေပြည်တော် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် နေပြည်တော်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကမ္ဘာ့လူသားအားလုံးအတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ သာယာဝပြောရေးတို့အတွက် မရှိမဖြစ်အရေးပါသည့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ကြရန် နှိုးဆော်သည့်အနေဖြင့် နှစ်စဉ် မတ်လ ၂၁ ရက်ကို **အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ "International Day of Forests"** အဖြစ်ကျင်းပခဲ့ရာ ယခုနှစ်ဆောင်ပုဒ်အနေဖြင့် **"Forests and Foods" "သစ်တောများနှင့်စားရေရိက္ခာများ"** ဖြစ်ကြောင်း၊ ကမ္ဘာ့စားရေရိက္ခာဖူလုံရေးအတွက် သစ်တောဂေဟစနစ်များ မြှင့်တင်ထိန်းသိမ်းပေးရန် နှိုးဆော်လျက်ရှိကြောင်း၊ ဂေဟစနစ်များတည်ငြိမ်ကောင်းမွန်ပြီး ရာသီဥတု မျှတကောင်းမွန်မှသာ စိုက်ပျိုးရေးနှင့် စားရေရိက္ခာထုတ်လုပ်ရေးများ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း။

ယနေ့ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနားကို နိုင်ငံသူနိုင်ငံသားများက သစ်တောများ၏ စားရေရိက္ခာဖူလုံစေခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုများပံ့ပိုးပေးနိုင်ခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေခြင်းတို့အတွက် အရေးပါပုံကို သိမြင်နားလည်လက်ခံ၍ သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာစေရေးကို ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် သစ်တောဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်ပြဘုတ် ပိုစတာများအားလှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်းသိရသည်။

(၅၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၂၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Limited မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Geometry E အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပြည်ပနိုင်ငံမှ ပြည်နှင်သဖြင့် ပြန်လည်ဝင်ရောက်လာသူများအား ကြိုဆိုလက်ခံ

**နေပြည်တော် မတ် ၂၁**

ကမ္ဘာ့နိုင်ငံများအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏အကျိုးစီးပွားကိုထိပါးသူ သို့မဟုတ် ရာဇဝတ်မှုများကျူးလွန်ထားသူ၊ တရားမဝင်ရွှေ့ပြောင်းရောက်ရှိသူ နိုင်ငံခြားသားများကို ဥပဒေကြောင်းအရ ပြည်နှင်မှုများကို ပြုလုပ်လေ့ရှိရာ အမေရိကန်မှ ပြည်နှင်လိုက်သူနှစ်ဦးအား တာဝန်ရှိသူများက ကြိုဆိုစောင့်ရှောက်ပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လတ်တလောတွင် အမေရိကန်အစိုးရသစ်၏ ဦးစားပေးမူဝါဒများအရ လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းသူများ၊ ပြစ်မှုကျူးလွန်ထားသော နိုင်ငံခြားသားများကို ပြည်နှင်လျက်ရှိပြီး ထိုသို့ဥပဒေငြိစွန်းသူများအား သက်ဆိုင်ရာနိုင်ငံစုံသို့ ပြည်နှင်ရာတွင် မြန်မာနိုင်ငံသို့ ပြည်နှင်သူများနှင့်ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ၎င်းတို့အား စိစစ်လက်ခံရေး ဆောင်ရွက်လျက်ရှိရာ ပထမအသုတ် နှစ်ဦးမှာ မတ်လ ၁၉ ရက်နှင့် ၂၈ ရက်တို့တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ သီးခြားစီရောက်ရှိမည်ဖြစ်သည်။

နိုင်ငံသားများအနေဖြင့် ပြည်ပသို့ တရားဝင်လမ်းကြောင်းမှသာ ထွက်ခွာကြရန်နှင့် ရောက်ရှိရာနိုင်ငံတိုင်းတွင် သက်ဆိုင်ရာ ပြည်တွင်းဥပဒေများကို လိုက်နာကြရန်လိုအပ်ပြီး အမိနိုင်ငံအတွင်း၌ ဥပဒေဘောင်အတွင်းနေထိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ယခုပြည်နှင်ခံရမှုများက သက်သေပြလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**၂၁-၃-၂၀၂၅ ရက်နေ့**
**စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၅၈၀,၀၀၀)**ကျပ်ဖြစ်သည်။

**စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


# မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးစိန်ခေါ်မှုကတော့ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိလာအောင်လုပ်ဆောင်ဖို့ဖြစ်ပါတယ် ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို အမြဲတမ်းအလေးထားဆောင်ရွက်ဖို့လိုပါတယ် (Mr.Zhang Wei)

နေပြည်တော် မတ် ၂၁

**၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ တွင် ကျင်းပရာ အဆိုပါဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးကြသည့် နိုင်ငံတကာမှနိုင်ငံရေးကျွမ်းကျင်သူများနှင့် ပြည်တွင်းနိုင်ငံရေးကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် လေ့လာသူအချို့အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြလိုက်ပါသည် -**



Mr.Zhang Wei


Mr.Atul Aneja (Strategics Analysis)


Mr.Sihasak Phuangketkeow


Prof. Mr. Lorenzo Pacini


ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)


ဒေါ်ခိုင်ခိုင်နွယ်


ဦးသန့်ကျော်

**Mr.Zhang Wei**
**နိုင်ငံတကာဆက်ဆံရေး ဂုဏ်ထူးဆောင် ပါမောက္ခ၊ တရုတ်နိုင်ငံ Think Tank အဖွဲ့၏ ဘုတ်အဖွဲ့ဝင်**

ဒီနေ့အခမ်းအနားက တရုတ်၊ အိန္ဒိယ၊ ရုရှား၊ မြန်မာတို့ အတူတကွပူးပေါင်းဆောင်ရွက်ကြတဲ့ အခမ်းအနားဖြစ်တဲ့အတွက် အလွန်အရေးပါပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေရှိမှသာ ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးစိန်ခေါ်မှုကတော့ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိလာအောင် လုပ်ဆောင်ဖို့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို အမြဲတမ်းအလေးထားဆောင်ရွက်ဖို့လိုပါတယ်လို့ ပြောကြားလိုပါတယ်။

**Mr.Atul Aneja (Strategics Analysis)**
**နိုင်ငံခြားရေးရာအထူးပြု ဝါရင့်သတင်းစာဆရာ၊ ဝေဖန်သုံးသပ်သူနှင့် အကြံပေးပုဂ္ဂိုလ် ဟိန္ဒူသတင်းစာ၏ မဟာဗျူဟာရေးရာအယ်ဒီတာ**

ဒီဖိုရမ်က မြန်မာနိုင်ငံအတွက် အလွန်အရေးပါတဲ့ ဖိုရမ်တစ်ခုပါ။ ဘာကြောင့်လဲဆိုရင် မြန်မာနိုင်ငံမှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေနဲ့အခက်အခဲတွေကို ဖြေရှင်းပေးနိုင်မယ့် အတွေးအခေါ်ကောင်းတွေလိုအပ်နေချိန်မို့ပါ။ ဒါက ပထမဆုံးအကြိမ်ကျင်းပတဲ့ ဖိုရမ်ဖြစ်မယ်လို့ ထင်ပါတယ်။ တစ်ကမ္ဘာလုံးမှာကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ အပြောင်းအလဲတွေကနေ မြန်မာနိုင်ငံကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဆွေးနွေးအဖြေရှာကြမှာ ဖြစ်ပါတယ်။ အပေါင်းလက္ခဏာဆောင်တဲ့ ရလဒ်တွေ ထွက်ပေါ်လာမယ်လို့ မျှော်လင့်ပါတယ်။

ဆက်လက်ပြီး ဆွေးနွေးမယ့်အကြောင်းအရာတွေ၊ ထွက်ပေါ်လာမယ့်ရလဒ်တွေက မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့တွေအတွက်ရော၊ နိုင်ငံအတွက်ပါ အကျိုးသက်ရောက်မှုတွေရှိလာမှာပါ။ မြန်မာနိုင်ငံက ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျတဲ့နေရာမှာ ရှိပါတယ်။ မြန်မာနိုင်ငံက အာရှမှာအင်အားကြီးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ ဆက်စပ်တည်ရှိနေလို့ အလွန်ကောင်းမွန်တဲ့ အနေအထားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက အလွန်ရှည်လျားတဲ့ ကမ်းရိုးတန်းကိုလည်း ပိုင်ဆိုင်ထားပြီး အိန္ဒိယသမုဒ္ဒရာ၊ အထူးသဖြင့် ဘင်္ဂလားပင်လယ်အော်တို့နဲ့ ဆက်စပ်နေလို့ ပထဝီနိုင်ငံရေးအရ အလွန်အရေးကြီးတဲ့နေရာမှာရှိနေပါတယ်။ ဒီအခြေအနေတွေကိုအကျိုးရှိရှိအသုံးချသင့်ပါတယ်။

**Mr.Sihasak Phuangketkeow**
**ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဟောင်း**

ဗဟုဝင်ရိုးကမ္ဘာမှာ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။ အကြီးမားဆုံး စိန်ခေါ်မှုကတော့ ကမ္ဘာကြီးမှာပြောင်းလဲမှုတွေရှိသလို ယှဉ်ပြိုင်မှုတွေလည်း ရှိနေပါတယ်။ ဒီနေ့ ကမ္ဘာကြီးမှာ ပထဝီနိုင်ငံရေးစိန်ခေါ်မှု၊ ပထဝီစီးပွားရေးစိန်ခေါ်မှု၊ ပထဝီနည်းပညာစိန်ခေါ်မှုတွေရှိနေပါတယ်။ ဒါတွေကို စုပေါင်းအဖြေရှာဖို့လိုပါတယ်။ အတူတကွ လုပ်ဆောင်ဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာလည်း စိန်ခေါ်မှုတွေရှိပါတယ်။ ထိုင်းနိုင်ငံပြည်တွင်းမှာဆိုရင်လည်း စိန်ခေါ်မှုတွေရှိပါတယ်။ နိုင်ငံတိုင်းမှာလည်း စိန်ခေါ်မှုတွေရှိပါတယ်။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိန်ခေါ်မှုတွေကို စုပေါင်းဖြေရှင်းသင့်ပါတယ်။ မကြာမီအချိန်အတွင်းမှာ အခွင့်အလမ်းကောင်းတွေရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**Prof. Mr. Lorenzo Pacini**
**နိုင်ငံရေးကျွမ်းကျင်သူပါမောက္ခ**

ကျွန်တော့်အမြင်ကိုပြောရရင် မြန်မာနိုင်ငံကို နိုင်ငံတကာဆက်ဆံရေးမှာ အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်ဖို့က အရေးအကြီးဆုံးလို့ထင်ပါတယ်။ ဗဟုဝင်ရိုးကမ္ဘာကို ပုံဖော်တဲ့အခါမှာ နိုင်ငံတကာဆက်ဆံရေးက တကယ်ကိုအရေးပါပြီး အနောက်ကမ္ဘာကလည်း အာရှနဲ့ ဆက်ဆံဖို့ကို ပိုမိုပြီးကြိုးစားလာတယ်လို့ကျွန်တော်မြင်တယ်။ ဒါက ပထမအချက်ပါ။ ဒုတိယအချက်အနေနဲ့က မြန်မာနိုင်ငံအနေနဲ့ ဗဟုဝင်ရိုးကမ္ဘာအခင်းအကျင်းကို ချဉ်းကပ်ရာမှာ ပိုမိုထဲထဲဝင်ဝင် လေ့လာဖို့လိုသလို အဲဒီမှာ ကြီးမားတဲ့ အခွင့်အလမ်းတွေရှိနေတာကလည်း အသေအချာပါပဲ။

ကျွန်တော်က ဥရောပတိုက်သား အီတလီက လာခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံဆိုရင် အခုအချိန်အထိ ဗဟုဝင်ရိုးကမ္ဘာအခင်းအကျင်းကို ထိတွေ့တာ၊ ချဉ်းကပ်ဖို့လုပ်ဆောင်တာမျိုးမရှိသေးပါဘူး။ မြန်မာနိုင်ငံကတော့ ကမ္ဘာ့အပြောင်းအလဲနောက်ကိုလိုက်ပါပြီး အနာဂတ်ကို ပုံဖော်နိုင်တဲ့ အခွင့်အရေးရရှိနေပါပြီ။ ဒါက တကယ်ကို ဂုဏ်ယူစရာပါပဲ။ ကမ္ဘာ့အပြောင်းအလဲကနေ မြန်မာနိုင်ငံအတွက် အကောင်းဆုံးသောအရာတွေပိုင်ဆိုင်ပါစေ ။

**ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)**
**ဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

ဒီနေ့ကျင်းပတဲ့ ၂၀၂၅ အလွန်ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲကို ကျွန်တော်တို့ ကျင်းပရတဲ့ ရည်ရွယ်ချက်က လာမယ့် ၂၀၂၅ ခုနှစ်အလွန်မှာ ပြောင်းလဲလာမယ့် မြန်မာ့နိုင်ငံရေးစနစ်နဲ့အတူ အဲဒီအချိန်မှာ ရှိနေမယ့် အုပ်ချုပ်မှုပုံစံနဲ့ အဲဒီအချိန် ကမ္ဘာကြီးမှာ ပြောင်းလဲနေတဲ့ ဗဟုဝင်ရိုးကမ္ဘာအခင်းအကျင်းကြားမှာ ကျွန်တော်တို့ ဘယ်လိုအံဝင်ခွင်ကျဖြစ်အောင် လုပ်ဆောင်ကြမလဲဆိုတာကို ကြိုပြီးသိရှိနိုင်အောင် ကျင်းပခြင်းဖြစ်ပါတယ်။

အဲဒီအခြေအနေမှာ ဘယ်အရာတွေက စိန်ခေါ်မှုတွေဖြစ်မလဲ၊ ဘယ်အရာတွေက အခွင့်အလမ်းတွေ ဖြစ်မလဲဆိုတာကို ပုံဖော်ကြည့်တဲ့ အခမ်းအနားပဲဖြစ်ပါတယ်။ ဒါကြောင့်မြန်မာနိုင်ငံနဲ့မြန်မာနိုင်ငံသားတွေကိုချစ်တဲ့ ပြည်ပနိုင်ငံအသီးသီးက နိုင်ငံရေးကျွမ်းကျင်သူ ပညာရှင်တွေကို ဖိတ်ကြားဆွေးနွေးရခြင်းဖြစ်ပါတယ်။ ဒါက နိုင်ငံအတွက် အစီအစဉ်တစ်ခုကနေ လိုအပ်တာတွေ ယူသုံးဖို့အတွက် ပက်ကေ့ချ်တစ်ခုပေးတဲ့ သဘောပဲဖြစ်ပါတယ်။

ပြောရရင် ၂၀၂၅ ခုနှစ် အလွန်ကာလဆိုတာ ဒီကနေ့ အခမ်းအနားမှာတင် နိုင်ငံတော်အကြီးအကဲက အတိအလင်း တရားဝင်ထပ်လောင်းပြောကြားသွားတာရှိတယ်။ အဲဒါက အစိုးရသစ်တစ်ရပ်ကို ရွေးကောက်ပွဲကျင်းပပြီး ကျွန်တော်တို့ အပြောင်းအလဲကို ကြုံကြဖို့ရှိတယ်။ အဲဒီအခြေအနေမှာ စိန်ခေါ်မှုတွေက အသစ်တွေဆိုတာထက် လက်ရှိစိန်ခေါ်မှုတွေ ဆက်ပါလာဖို့လည်းရှိနိုင်တယ်။ ဥပမာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေလို ရှေ့ဆက်သွားရမယ့်လုပ်ငန်းတွေလိုမျိုးနဲ့ ဆန်ရှင်လို ကိစ္စရပ်တွေပေါ့။ ဒါကတော့ ရှိနေနိုင်ဦးမလား။ ဘယ်လိုဖြေလျှော့မလဲ။ ဒီလိုစိန်ခေါ်မှုတွေဆက်ရှိနေနိုင်ပါတယ်။

နောက်တစ်ခုက အမေရိကန်မှာ ထရမ့်က သမ္မတဖြစ်လာတယ်။ ကျွန်တော်တို့ကတော့ ထရမ့်ပစ်ဇင်လို့ ခေါ်ကြတယ်။ ထရမ့်ပစ်ဇင်က အားလုံးသိတဲ့အတိုင်း အပြောင်းအလဲတွေ သိပ်များလွန်းတော့ ကမ္ဘာ့အခင်းအကျင်းဖြစ်တဲ့ ဗဟုဝင်ရိုးကမ္ဘာဖြစ်စဉ်ကို ပိုမိုမြန်ဆန်လာစေမယ်လို့ ကျွန်တော်ကတော့မြင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ၂၀၂၅ ခုနှစ်အလွန်မှာ ကမ္ဘာက အခင်းအကျင်းသစ်၊ မြန်မာနိုင်ငံကလည်း နိုင်ငံရေးအခင်းအကျင်းသစ်ဆိုတော့ ကျွန်တော်တို့ကြုံရမယ့် စိန်ခေါ်မှုက အသစ်တွေကို ကြုံရမယ့်စိန်ခေါ်မှုပဲ ဖြစ်ပါလိမ့်မယ်။

**ဒေါ်ခိုင်ခိုင်နွယ်**
**အတွင်းရေးမှူးချုပ်(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)**

ဗဟုဝင်ရိုးကမ္ဘာမှာ မြန်မာနိုင်ငံ ကြုံတွေ့လာရမယ့် စိန်ခေါ်မှုတွေနဲ့ အခွင့်အလမ်းတွေကို ဖိုရမ်အတွင်းဆွေးနွေးဖြစ်ခဲ့ပါတယ်။ ဗဟုဝင်ရိုးကမ္ဘာလို့ပြောတဲ့အခါမှာ ကျွန်မတို့က ပထဝီနိုင်ငံရေးတို့၊ ပထဝီစီးပွားရေးတို့ကို ဆွေးနွေးကြတာဖြစ်ပါတယ်။ ကျွန်မအပိုင်းကတော့ စီးပွားရေးနဲ့ဆိုင်ပါတယ်။ ပထဝီစီးပွားရေးအရမြန်မာနိုင်ငံအနေနဲ့ ၂၀၂၅ ခုနှစ် အလွန်မှာ ဘာတွေကြုံတွေ့လာနိုင်မလဲဆိုတာကို သုံးသပ်ဆွေးနွေးခဲ့ပါတယ်။ သုံးသပ်တဲ့အခါမှာကမ္ဘာကြီးမှာ အပြောင်းအလဲတွေအများကြီးဖြစ်ပေါ်နေပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ပြောသွားတာလည်း ရှိပါတယ်။ ကမ္ဘာကြီးမှာ ဘယ်လိုပြောင်းလဲနေသလဲ။ Global မှာရော၊ နောက်ပြီး ဒေသတွင်း အာဆီယံနဲ့ အာရှဒေသတွေမှာ ဘယ်လို အပြောင်းအလဲတွေရှိနေသလဲ။ အဲဒီလို ပြောင်းလဲနေတဲ့ ပြောင်းလဲမှုတွေအရ မြန်မာနိုင်ငံက ဘာတွေလုပ်သင့်သလဲ။ ကျွန်မတို့ကလည်း ကမ္ဘာထဲမှာ ပါနေတာကိုး။ ဂလိုဘယ်တစ်ခု၊ ဒေသတွင်းတစ်ခုနဲ့ ပြည်တွင်းတစ်ခုဆိုပြီး ကျွန်မက သုံးပိုင်းဆွေးနွေးခဲ့ပါတယ်။

ဖိုရမ်မှာအတော်များများ ဆွေးနွေးသူတွေကတော့ ပထဝီနိုင်ငံရေးကို ဆွေးနွေးကြတာ။ ပထဝီနိုင်ငံရေးကျတော့ ကျွန်မတို့နိုင်ငံရဲ့ အနေအထားက ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံတွေ လူဦးရေအနေအထားအရ ကျွန်မတို့နိုင်ငံက တော်တော်ကို လူကြိုက်များတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေးက တစ်ခုနဲ့တစ်ခု အချိတ်အဆက်ရှိနေပါတယ်။ စာမျက်နှာ ၁၀ သို့ ●

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

**ဖိမ်ရှိသောညတစ်ည**

ကိုဝင့်မော်သည် ငှက်တော ခွေးတောတက်ရသည့် သစ်တောအရာရှိတစ်ယောက်ဖြစ်သော်လည်း ငှက်ဖျားကာကွယ်ရန်ဆို၍ အရက်သောက်သော လူတစ်ယောက်မဟုတ်ပါပေ။ တောထဲ၌ ဖျားနာလျှင်သုံးမည်၊ သို့သော် ကာကွယ်ရန်ဆို၍ သောက်တတ်သူမဟုတ်ချေ။ သို့ရာတွင် အသက်ကို အသေခံမည်၊ သေအရက်ကို လျှာပေါ်မတင်ဟု ဝါကြွားပြောဆိုတတ်ကြသည့် အယူသီးသော လူမျိုးကားမဟုတ်ပေ။ မိတ်ဆွေ၊ သူငယ်ချင်းများအား ထမင်းစားပွဲကျွေးသောအခါများတွင် သူတစ်ပါးအားလည်းတိုက်၍၊ သူလည်းသောက်ပါသည်။ သို့သော် ကျွန်ုပ်တို့နှင့် နေ့တိုင်းစားကြသော ထမင်းစားပွဲမျိုး၌မူ အရက်မပါချေ။ ထိုညမှာ တောဝက်သားကင်၏ ဆွဲဆောင်ခြင်းကြောင့် သူနှင့်ကျွန်ုပ်တစ်ခွက်စီသောက်ကြသော်လည်း ညီတော်မောင်အားမူ ဖိတ်ခေါ်ခြင်း၊ တိုက်တွန်းခြင်းမပြုဘဲ အစားကောင်းများသာ ကျွေးမွေးပါသည်။ အတော်ကလေး ချမ်းအေးစပြုနေသောရာသီတွင် တဟုန်းဟုန်းတောက်လောင်သောမီးပုံကြီးနှင့် မလှမ်းမကမ်း၌ ရွက်ဖျင်ကုလားထိုင်တစ်လုံးစီနှင့် အကောင်းဆုံးဘရန်ဒီတစ်ခွက်စီ လက်တစ်ဖက်တွင် ကိုင်ကာ တစ်ကျိုက်သောက်လိုက်၊ တောဝက်သားကင်တုံးကို တစ်ကိုက်ကိုက်၍ တစ်ဖွဲ့ဝါးလိုက်၊ ငယ်သူငယ်ချင်းအချင်းချင်း ရှေးဟောင်းနှောင်းဖြစ်များကို တစ်လှည့်စီပြောလိုက်၊ တစ်ချက်တစ်ချက်၌ အရက်နှင့် စားစရာအာသာပြေခိုက်တွင် (သူက စီးကရက်၊ ကျွန်ုပ်က ဆေးတံကို) တစ်ခါတစ်ခါဖွာလိုက်ကြရသည်များမှာ ယနေ့တိုင် မမေ့နိုင်သည့် ဖိမ်တစ်ခုဖြစ်ပါတော့သည်။ ကိုဝင့်မော်က ဝက်သားကင်တုံးကြီးများကို ဓားဖြင့်လှီး၍ ခက်ရင်းတပ်ကာ ပြင်ယူခဲ့ဖို့အမိန့်ပေးသည်ကို ကျွန်ုပ်ကဖျက်၍ တောစခန်းအလိုက် တောပီပီစားစမ်းပါရစေဟုပြောကာ ကိုက်၍ ကိုက်၍ ဖွဲ့စားကြ၏။ ထိုည၌ အရက်တစ်ခွက်စီသာသောက်မည်ဟု ကြံရွယ်ကြသော်လည်း စကားတပြောပြောနှင့် သုံးခွက်စီခန့်သောက်မိကြသည်ထင်ရာ တစ်ပိဿာခန့်ရှိသော တောဝက်သားကင်မှာလည်း ကျွတ်လုနီးပါးရှိခဲ့လေပြီ။ ထမင်းကား လုံးဝမစားကြတော့ချေ။ ရှေးဟောင်းနှောင်းဖြစ်များအကြောင်း ပြော၍ကုန်နိုင်သည်မရှိသော်လည်း တစ်ချက်တစ်ချက်စကားအပြတ်တွင် ကျွန်ုပ်က ဆာဟာကုတ်ဘတ္တလာ အမဲပစ်လာစဉ်က အကြောင်းကိုမေးသဖြင့် ကိုဝင့်မော်က သူသိသမျှကို အသေးစိတ်ပြောပြသည့်အထဲမှ ကျွန်ုပ်မှတ်မိသလောက် ရေးသားဖော်ပြရပါဦးမည်။

**ဘုရင်ခံ အမဲပစ်ခြင်း**

ဆာဟာကုတ်ဘတ္တလာသည် မြန်မာပြည်သို့ ဘုရင်ခံအဖြစ်နှင့် နှစ်ကြိမ်တိုင် လာရောက်အုပ်ချုပ်ဖူးသည့်အနက် ပထမအကြိမ် (၁၉၁၈ ခုနှစ်လောက်ထင်သည်။) ဘုရင်ခံဖြစ်စဉ်က ခရစ္စမတ် ရက်သတ္တပတ် (Christmas Week) အတွက် ဒိစတြိတ်အတွင်းရှိ နမ်းပေါင်းဗိုလ်တဲ၌ စတည်းချကာ အမဲပစ်ထွက်ကြရန် အစီအစဉ်ပြုလုပ်ကြ၏။ ခရစ္စမတ်ရက်သတ္တပတ်ဟူသည်မှာ ဒီဇင်ဘာလ ၂၅ ရက်မှ ဇန်နဝါရီလ ၁ ရက်အထိဖြစ်လေရာ နိုဝင်ဘာလလောက်ကတည်းက သစ်တောဘက်ဆိုင်ရာ တောကြပ်၊ တောခေါင်း၊ တောအုပ်ကလေး၊ တောအုပ်ကြီးမှစ၍ ဝန်ထောက်တိုင်အောင် ယင်းကိစ္စအတွက် ကြိုတင်စီမံကြရ၏။

ထိုရက်များအတွင်း၌ သစ်တောအရာရှိများအဖို့ရာတွင် သစ်တောကိစ္စသည် အရေးမကြီးသေး၊ ဘုရင်ခံတောလည်လာမည့်ကိစ္စသည်သာလျှင်အရေးကြီး၏။ သစ်တောလုပ်ငန်းနှင့်ပတ်သက်၍ ဝတ္တရားတစ်စုံတစ်ရာ လစ်ဟင်းပေါ့လျော့မှုရှိခဲ့လျှင် ထုချေလွှာတောင်းခံရရုံမျှလောက်နှင့်ပြီးနိုင်သော်လည်း ဘုရင်ခံ အမဲပစ်လာမည့်ကိစ္စနှင့်ပတ်သက်၍မူ တစ်ချက်ကလေးမျှ လစ်ဟင်းပါက ချက်ချင်းအလုပ်ပြုတ်သွားနိုင်သည်ဟု နားလည်ကြလေသည်။

> **"တောတိရစ္ဆာန်များသည် ဆားကို လာ၍လျက်ကြလေရာ တောခေါင်းများက ဆားပုံများကို မကြာမကြာလာကြည့်ပြီး ဆားဖြည့်ပေးရလေသည်။ ဆားပုံများကို လှည့်လည်၍ အင်စပတ်ရှင်းလုပ်သောအရာရှိက တစ်ခုသောဆားပုံ၌ ဆားပြတ်လပ်နေခြင်းကို တွေ့သည်ဆိုအံ့၊ တာဝန်ကျသော တောခေါင်း၊ တောကြပ်မှုကား အလုပ်ပြုတ်ဖို့သေချာလေပြီ။ ဤအကြောင်းကို အရာရှိက အရေးမယူဘဲ သက်ညှာလိုက်ပါလျှင်လည်း သူ့အထက်အရာရှိက (ရွာသားများ၏အကူအညီဖြင့်) တစ်နည်းနည်း သိတတ်သည်ဖြစ်၍ အရာရှိပါ ပြုတ်ဖို့သေချာလေသည်. . ."**

ဗြိတိသျှအစိုးရ၏ပါးနပ်ပုံမှာ ထိုမျှလောက်အရေးကြီးသည်ဟု အမိန့်ထုတ်ဆင့်သည် မဟုတ်။ သို့သော် သစ်တောဘက်အရာရှိများအားလုံးနှင့် နယ်ဘက်ဆိုင်ရာ ဝန်ထောက်၊ မြို့အုပ်မှစ၍ ရွာသူကြီးများတိုင်အောင် ဤအတိုင်းပင် နားလည်ထားကြလေသည်။

နိုဝင်ဘာလ အစပြုသည်နှင့်တစ်ပြိုင်နက် နမ်းပေါင်းရွာပတ်ဝန်းကျင်ဧရိယာစတုရန်းမိုင်ပေါင်းများစွာအတွင်း တောကြပ်၊ တောခေါင်းများက နေရာအနှံ့အပြားတွင် ဆားများစုပုံချထားကြရ၏။ ဆားများရောက်အောင်တင်ပို့ရခြင်းမှာ နယ်အရာရှိများ၏တာဝန်ဖြစ်၍ တောကြပ်၊ တောခေါင်းများက ယင်းဆားများကို သင့်လျော်သောနေရာများ၌ စုပုံကြရ၏။ တောတိရစ္ဆာန်များသည် အငန်ကြိုက်တတ်သော သဘာဝရှိလေရာ ယင်းနယ်ပယ်တစ်ဝိုက်တွင် ဆားများကြဲဖြန့်ကာ လှည့်လည်ကျက်စားလျက်ရှိသော တောတိရစ္ဆာန်များကို နမ်းပေါင်းရွာ နယ်တစ်ဝိုက်အတွင်း စုရုံးရောက်ရှိလာကြစေခြင်းငှာ ဆားပုံများဖြင့် ဖြားယောင်းသွေးဆောင်ယူခြင်းဖြစ်၏။ တောတိရစ္ဆာန်များသည် ဆားကို လာ၍လျက်ကြလေရာ တောခေါင်းများက ဆားပုံများကို မကြာမကြာလာကြည့်ပြီး ဆားဖြည့်ပေးရလေသည်။ ဆားပုံများကို လှည့်လည်၍ အင်စပတ်ရှင်းလုပ်သောအရာရှိက တစ်ခုသောဆားပုံ၌ ဆားပြတ်လပ်နေခြင်းကို တွေ့သည်ဆိုအံ့၊ တာဝန်ကျသော တောခေါင်း၊ တောကြပ်မှုကား အလုပ်ပြုတ်ဖို့သေချာလေပြီ။ ဤအကြောင်းကို အရာရှိက အရေးမယူဘဲ သက်ညှာလိုက်ပါလျှင်လည်း သူ့အထက်အရာရှိက (ရွာသားများ၏ အကူအညီဖြင့်) တစ်နည်းနည်း သိတတ်သည်ဖြစ်၍ အရာရှိပါ ပြုတ်ဖို့သေချာလေသည်။

**ဘုရင်ခံ ဆိုက်ရောက်ခြင်း**

ဤနည်းအားဖြင့် တောကောင်များကို ကြိုတင်ကာ ဖြားယောင်းသွေးဆောင်ထားသည်ဖြစ်၍ ဒီဇင်ဘာလအလယ်လောက်ရောက်သည်ဆိုလျှင် ဆားကြိုက်တတ်သော တောကောင်ဟူသမျှသည် (မကြိုက်သောတောကောင်မျိုးလည်း ခပ်ရှားရှားရှိလိမ့်မည်) နမ်းပေါင်းရွာပတ်ဝန်းကျင်တွင် ခြေချင်းလိမ်မတတ် ပေါများလျက်ရှိ၏။ ထိုအတောအတွင်း ၎င်းပတ်ဝန်းကျင်တွင် ကြက်ကလေး၊ ငှက်ကလေးမျှ မပစ်ရဟုတားမြစ်ထား၏။ အဘယ်ကြောင့်ဆိုသော် သေနတ်သံကြားလျှင် တစ်ကောင်တလေဖြစ်စေ ထိတ်လန့်ထွက်ပြေးမည်ကို စိုးရိမ်ရသောကြောင့်ပေတည်း။ နမ်းပေါင်းရွာသားများသည်လည်း နမ်းပေါင်းဗိုလ်တဲနှင့်တကွ ပတ်ဝန်းကျင်ကို ပြောင်စင်အောင် လှည်းကျင်းသုတ်သင်ထားကြရပေရာ ၎င်းတို့အဖို့မှာလည်း တစ်သက်တွင်တစ်ခါ ကြုံရခဲသော တောလည်ပွဲကြီးဖြစ်၍ မျှော်တလင့်လင့်ရှိနေကြလေ၏။ နေ့ရက်နီးကပ်လာသောအခါ နမ်းပေါင်းရွာသည် ရွာငယ်အဖြစ်မှ မြို့ကလေးအဖြစ်သို့ပြောင်းလဲ၍ ဘုရင်ခံနှင့်အဖွဲ့၏ အစေခံများတည်းခိုရန်အတွက် တဲများနှင့် အလိုရှိရာခိုင်းစေရန်အတွက် သစ်တောဘက် နယ်ဘက်အမှုထမ်းများဖြင့် ပြည့်နှက်စည်ကားစွာ ရှိနေလေပြီ။ ဒီဇင်ဘာလ ၂၄ ရက်တွင် အစိုးရသင်္ဘောသုံးစင်းသည် မြတောင်ရွာအထက်ရှိ ရေပုံ့ရွာသို့ဆိုက်ကပ်၍ ဘုရင်ခံအပြင် အတွင်းဝန်ချုပ်၊ အတွင်းဝန်ကလေးမှစ၍ သေနတ်ပစ်ဝါသနာပါသည့် မျက်နှာဖြူအရာရှိ မြောက်မြားစွာပါလာကြသည်။ ၎င်းတို့၏ပစ္စည်းများကို အစိုးရဆင်များဖြင့်မလုံလောက်သဖြင့် ဘီဘီတီစီ၊ စတီးဘရားသား စသောသစ်ကုမ္ပဏီကြီးများမှ သစ်ဆွဲဆင်ကြီးများဖြင့် တင်ဆောင်သယ်ယူကြ၏။

ဤအတောအတွင်း ဘုရင်ခံနှင့်အဖွဲ့အား မြတောင်၊ ထီးချိုင့်၊ အောင်သာ စသောရွာများမှ ယိမ်းအကဖြင့် ဖျော်ဖြေကြရသည်။ နောက်ဆုံး၌ ဘုရင်ခံနှင့်အဖွဲ့သည် နမ်းပေါင်းသို့ မြင်းများဖြင့်သွားကြ၍ ပစ္စည်းများကို ဆင်များဖြင့် ရှေးဦးစွာတင်လွှတ်လိုက်၏။ ဘုရင်ခံသည် ရေပုံ့ရွာဆိပ်တွင် သင်္ဘောပေါ်၌ တစ်ညအိပ်၍ နောက်တစ်နေ့တွင် နမ်းပေါင်းသို့ရောက်သောအခါ ဗိုလ်တဲကို ဝိုင်းရံလျက် မိုးကာတဲများအသင့်ဆောက်လုပ်ပြီး ဖြစ်နေလေပြီ။ ဘုရင်ခံသည် ဗိုလ်တဲပေါ်တွင် နန်းထိုင်၍ အတွင်းဝန်၊ အပြင်ဝန်၊ အကြီး၊ အငယ်၊ အလတ်တို့သည် မိုးကာတဲများ၌ စတည်းချကြလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

---

● **စာမျက်နှာ ၉ မှအဆက်**

ပထဝီစီးပွားရေးကြောင့်လည်း ပထဝီနိုင်ငံရေးကဖြစ်လာတာပါ။ စီးပွားရေးကို မူတည်ပြီး နိုင်ငံရေးအပြောင်းအလဲဖြစ်လာတာပါ။ ဒါပေမဲ့ တစ်ဖက်မှာလည်း ပထဝီနိုင်ငံရေးအပြောင်းအလဲက ပထဝီစီးပွားရေးအပေါ်မှာ တန်ပြန်အကျိုးသက်ရောက်မှုရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာကြီးရဲ့ ပြောင်းလဲမှုဒေသတွင်းနိုင်ငံတွေရဲ့ပြောင်းလဲမှုတွေမှာ အင်အားပြိုင်ကြတဲ့အပိုင်းတွေရှိပြီး မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုသက်ရောက်မှုတွေရလာမလဲ၊ ကျွန်မတို့အနေနဲ့ ဘာတွေပြင်ဆင်သင့်သလဲဆိုတဲ့အပေါ်မူတည်ပြီး ကျွန်မကတော့ ကောင်းတဲ့ သုံးသပ်ချက်တွေရရှိတယ်လို့မြင်ပါတယ်။ စီးပွားရေးအရတော့ ကျွန်မတို့ ဒီလိုအခွင့်အရေးရတာ အလွန်ကျေးဇူးတင်ပါတယ်။ ပုံမှန်အတိုင်းဆိုရင်တော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ တစ်ခုခုအပေါ်မှာ ကိုယ်နိုင်လိုက်ချင်တယ်ဆိုရင် အကောက်ခွန်တိုးလိုက်တာတို့၊ ကုန်စည်တွေရပ်လိုက်တာတို့၊ စီးပွားရေးပိတ်ဆို့တာတို့လုပ်တာက ပုံမှန်လိုဖြစ်နေပါတယ်။ ပုံမှန်ဖြစ်နေကြတဲ့စစ်ရေးအရပေါ့။ ဒါပေမဲ့ ဒီဘက်နောက်ပိုင်းမှာ ပုံမှန်မဟုတ်တဲ့ သက်ရောက်မှုတွေရှိလာပါတယ်။ ဥပမာအားဖြင့် ရာသီဥတုပြောင်းလဲမှုလိုဟာမျိုးတွေက ကျွန်မတို့နိုင်ငံအပေါ်မှာ အများကြီးသက်ရောက်မှုရှိပါတယ်။

**ဦးသန့်ကျော်**

**မြန်မာနိုင်ငံ မဟာဗျူဟာနှင့်**

**နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ**

၂၀၂၅ ခုနှစ်အတွင်းမှာ နိုင်ငံရဲ့ထူးထူးခြားခြားကျင်းပတဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံအနေနဲ့ ၂၀၂၅ ခုနှစ်အလွန်မှာ ဖြစ်လာနိုင်တဲ့ ရှေ့အနာဂတ်အခြေအနေတွေကို ဆွေးနွေးတာဖြစ်တဲ့အတွက် တက်ရောက်ခွင့်ရလို့ လွန်စွာအကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ ပြောကြားသွားတဲ့အပေါ် နားထောင်ရသမျှ ကျွန်တော်တို့နိုင်ငံရဲ့ မျက်မှောက်အခြေအနေလိုအပ်ချက်တွေကို မြင်ရ၊ တွေ့ရ၊ သိရှိခွင့်ရတယ်။ ကျွန်တော်တို့နားထောင်ခဲ့ရသမျှမှာတော့ ဒီနှစ်ကုန်မှာ ရွေးကောက်ပွဲကိုကျင်းပဖို့ဆိုတဲ့အချက်ကို သတိပြုမိတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိအစိုးရကကတိပြုထားတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်ကို သေသေချာချာတွေ့မြင်လိုက်ရတယ်လို့မြင်ပါတယ်။ ဒါကြောင့် ရှေ့အနာဂတ်မှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိတဲ့အစိုးရဆီကို လက်ရှိအစိုးရက အကောင်းဆုံးလမ်းခင်းပေးသွားမယ်လို့ ဒီနေ့သုံးသပ်မိပါတယ်။ ဒီဆွေးနွေးပွဲမှာ ကျွန်တော်တို့လို သုတေသနပြုတဲ့သူတွေအတွက် နိုင်ငံတကာနဲ့ပတ်သက်ပြီးတော့ရော၊ မိမိနိုင်ငံရေးနဲ့ပတ်သက်ပြီး လေ့လာနေတဲ့အဖွဲ့အနေနဲ့ရော ရှေ့ခြေလှမ်းတွေကို မြင်နေရလို့ အထူးပဲကျေနပ်မိပါတယ်။

**အောင်မင်းစိုး၊ ဂျေတီ၊ ခင်ရတနာ**

# အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ



နေပြည်တော် မတ် ၂၁

အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ (National Complaints Mechanism – NCM) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ (National Complaints Mechanism – NCM) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေနှင့်အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီဝင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရနှင့် ILO တို့ SU ယန္တရားအရ လက်မှတ်ရေးထိုးအကောင်အထည်ဖော်ခဲ့သော ပူးတွဲတိုင်ကြားမှုယန္တရားမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့သဖြင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေ အစီအစဉ် (Decent Work Country Programme – DWCP) (2018–2021) အရ အစမ္မခိုင်းစေမှုပပျောက်ရေးကို မိမိနိုင်ငံအစီအစဉ်ဖြင့် ဆောင်ရွက်ရန် အစမ္မစေခိုင်းမှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၁) ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ(National Complaints Mechanism – NCM) အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ILO ကြား ၂၀၀၂ ခုနှစ်တွင်လက်မှတ်ရေးထိုးခဲ့သည့် MoU ၏ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding – SU) အရ ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တိုင်ကြားခဲ့သော လက်ကျန်အမှုများ၊ NCM မထူထောင်မီကြားကာလ ယန္တရား (၂၀၁၉ ခုနှစ်)တွင် လက်ခံရရှိသော လက်ကျန်အမှုများနှင့် ၂၀၂၀ ပြည့်နှစ် NCM ထူထောင်ပြီး လက်ခံရရှိသည့်အမှုများကို ဖြေရှင်းပိတ်သိမ်းနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် အမှုများအမြန်ဆုံးဖြေရှင်းပိတ်သိမ်းနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကော်မတီ တွဲဖက်ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အစမ္မခိုင်းစေမှုပပျောက်ရေးအကောင်အထည်ဖော်ဆောင်နေမှု အခြေအနေများကိုလည်းကောင်း၊ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုက NCM မှ လက်ခံရရှိသည့် အမှုများအား ဖြေရှင်းဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အစမ္မခိုင်းစေမှုပပျောက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီ (National Complaints Mechanism – NCM) သည် အစမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် တိုင်ကြားမှုများကို ထိရောက်စွာအရေးယူဖြေရှင်းနိုင်ရန်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး အကာအကွယ်ပေးရန်၊ လုပ်အားနှင့်ညီမျှသည့် လုပ်ခလစာရရှိပြီး ဆင်းရဲမှုလျော့ကျကာ လူနေမှုအဆင့်အတန်း မြင့်မားစေရန်နှင့် ထိခိုက်နစ်နာမှုများကုစားပေးနိုင်ရန်၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၃၀ပြည့်နှစ် အစမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉)အပေါ် လိုက်နာကျင့်သုံးနေသည်ကို ILO အပါအဝင် နိုင်ငံတကာအသိုက်အဝန်းသို့ ပြသရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင်အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်ကာ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း အဖွဲ့ဝင် ၂၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းထားရှိကြောင်း သိရသည်။

(သတင်းစဉ်)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၄)ဖြင့်ရရှိခဲ့သော စီမံကိန်းများမိတ်ဆက်






နေပြည်တော် မတ် ၂၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ရရှိခဲ့သည့် “ဝါးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရေးအတွက်ဝါးဆန်းသစ်တီထွင်မှုထုတ်ကုန်များဆိုင်ရာ သုတေသနစင်တာတည်ထောင်ရေးစီမံကိန်း(လုပ်ငန်းစဉ်-၁)” စီမံကိန်းနှင့် “ဒစ်ဂျစ်တယ်စီးပွားရေးကို ပံ့ပိုးပေးရန်အတွက် အိုင်စီတီ ပူးပေါင်းဆောင်ရွက်သော ဆန်းသစ်တီထွင်မှုများ တိုးမြှင့်ခြင်းဆိုင်ရာစီမံကိန်း” များ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံ၏ ဝါးစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးမျိုးစုံဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ဝါးသည် အမြန်တိုးတက်ကြီးထွားနိုင်သော သယံဇာတဖြစ်သောကြောင့် ဆောက်လုပ်ရေး၊ ပရိဘောဂ၊ လက်မှုလုပ်ငန်းများတွင် အသုံးချနိုင်သည့် တန်ဖိုးကြီးသော သယံဇာတဖြစ်ကြောင်း၊ ဝါးထုတ်လုပ်မှု ဆန်းသစ်မှုနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုကို အားပေးခြင်းဖြင့် မြန်မာနိုင်ငံသည် ထုတ်ကုန်တင်ပို့မှုစွမ်းရည်တိုးမြှင့်နိုင်ပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု၊ ကုန်သွယ်မှု တိုက်ရိုက်ပေါင်းစည်းနိုင်ပြီး ကျေးလက်ဒေသများအတွက် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးနိုင်မည်ဖြစ်ကြောင်းနှင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုကာလတွင် ဒစ်ဂျစ်တယ်စီးပွားရေးကို အထောက်အကူပြုစေသော Cloud Computing Cybersecurity Training များ၊ Data Analytics နှင့် National Tech Transfer Database တည်ထောင်ခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့နည်းပညာတိုးတက်မှုများနှင့်အတူ လျင်မြန်စွာပါဝင်နိုင်စေရန်နှင့် ဒစ်ဂျစ်တယ်ခေတ်တွင် လိုအပ်သော ကျွမ်းကျင်မှုများကိုရရှိစေမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေအထောက်အပံ့ဖြင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ရမည့် စီမံကိန်းများ၏ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ Minister Counselor Dr. Zheng Zhihong က Virtual စနစ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက in person ဖြင့်လည်းကောင်း အမှာစကားပြောကြားကြပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းနှစ်ခုနှင့် ပတ်သက်၍ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းက ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဝါးထုတ်လုပ်သူများနှင့်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ဝါးလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် စီမံကိန်းဆောင်ရွက်နေသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

**နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၁-၃-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | မင်းဘူး | ၄၂.၅ | ၁၀၈.၅ |
| ၂။ | ချောက် | ၄၀.၈ | ၁၀၅.၄ |
| ၃။ | မြင်းမူ | ၄၀.၄ | ၁၀၄.၇ |
| ၄။ | မြင်းခြံ | ၄၀.၀ | ၁၀၄.၀ |
| ၅။ | ကျောက်ဆည်(လွန်ကျော်) | ၃၉.၆ | ၁၀၃.၃ |
| ၆။ | စစ်ကိုင်း | ၃၉.၄ | ၁၀၂.၉ |
| ၇။ | တောင်တွင်းကြီး | ၃၉.၀ | ၁၀၂.၂ |
| ၈။ | မကွေး | ၃၈.၈ | ၁၀၁.၈ |
| ၉။ | တံတားဦး | ၃၈.၇ | ၁၀၁.၇ |
| ၁၀။ | ဇော်ဂျီ | ၃၈.၇ | ၁၀၁.၇ |

# ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့

မောင်ရဲရင့်မှူး
(မကွေးပညာရေးဒီဂရီကောလိပ်)

ကျွန်ုပ်တို့ကမ္ဘာဂြိုဟ်၏ “အေးခဲနေသော ရေလှောင်ကန်များ”ဟုပင် ရည်ညွှန်းပြောဆိုရသည့်ရေခဲမြစ်များသည် ရေချိုအရင်းအမြစ်များကို တည်တံ့ခိုင်မြဲစေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ ဤကြီးမားသောရေခဲမြစ်များသည် ကမ္ဘာ့ရေချို၏ ၇၀ ရာခိုင်နှုန်းခန့်ကို သိုလှောင်ထားပြီး ၎င်းကို မြစ်များ၊ ကန်များနှင့်မြေအောက်ရေစနစ်များသို့ တဖြည်းဖြည်းထုတ်လွှတ်ပေးကာ သန်းပေါင်းများစွာသောလူများ၊ စိုက်ပျိုးရေးနှင့်ဂေဟစနစ်များအတွက် မရှိမဖြစ်လိုအပ်သောရေကိုထောက်ပံ့ပေးသည်။ သို့သော်လည်း ရာသီဖောက်ပြန်ပြောင်းလဲမှုများနှင့်လူသားတို့၏လုပ်ဆောင်ချက်များကြောင့် ရေခဲမြစ်များသည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် အရည်ပျော်နေပြီး ကမ္ဘာတစ်ဝန်းရေလုံလောက်စွာရရှိမှုကိုခြိမ်းခြောက်လျက်ရှိသည်။ ထိုအတိုင်းဆက်သွားပါက ခန့်မှန်း၍မရနိုင်သော ရေပြတ်လပ်မှုများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုများနှင့်သဘာဝဘေးအန္တရာယ်များကို ပိုမိုဆိုးရွားစွာကြုံတွေ့လာရနိုင်သည်။ အနာဂတ်မျိုးဆက်သစ်များအတွက် ရေချိုရရှိနိုင်မှုသေချာစေရန် ရေခဲမြစ်များကို ကျွန်ုပ်တို့အားလုံး တာဝန်သိစွာထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ရေခဲမြစ်များသည် သဘာဝရေလှောင်ကန်များအဖြစ် ရေစီးဆင်းမှုကို တစ်နှစ်ပတ်လုံး ထိန်းညှိပေးခြင်းဖြင့် ကမ္ဘာ့ရေလည်ပတ်မှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည်။ ၎င်းတို့သည် ပူနွေးသောလများအတွင်း သောက်သုံးရေ၊ ဆည်မြောင်းနှင့်ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သော မြစ်ချောင်းများနှင့်အင်းအိုင်များကို ပြန်လည်ဖြည့်တင်းပေးသည်။ အိန္ဒုမြစ်၊ ဗြဟ္မပုတ္တရမြစ်၊ အမေဇုန်မြစ်တို့ကဲ့သို့သော ကမ္ဘာ့အကြီးဆုံးမြစ်ကြီးများနှင့် ဂင်္ဂါမြစ်၊ ယန်ဇီမြစ်နှင့် ကော်လိုရာဒိုမြစ်တို့ကဲ့သို့သော အဓိကမြစ်ကြီးအများအပြားသည် အထူးသဖြင့် ခြောက်သွေ့ရာသီများတွင် ရေခဲမြစ်များအရည်ပျော်ကျမှုအပေါ်များစွာမှီခိုနေသည်။ ရေခဲမြစ်များသည် ရေအရင်းအမြစ်များအတွက် တိုက်ရိုက်ပံ့ပိုးကူညီမှုအပြင် တောင်ပေါ်ဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများကို ပံ့ပိုးပေးခြင်းဖြင့်လည်း ဂေဟစနစ်ဟန်ချက်ညီစေရန် ကူညီပေးသည်။ ၎င်းရေခဲမြစ်များမှ အေးသောရေများသည် ငါးများ၊ ရေနေအပင်များနှင့်အခြားသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို ပျောက်ကွယ်မသွားရအောင် ထိန်းသိမ်းပေးနိုင်သည်။ ထို့ပြင် ရေခဲမြစ်များသည် နေရောင်ခြည်ကို ရောင်ပြန်ဟပ်ခြင်းဖြင့် ရာသီဥတုထိန်းညှိမှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသဖြင့် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ကာကွယ်ပေးနိုင်သည်။ဤကဲ့သို့ ကမ္ဘာကြီးကို များစွာထောက်ပံ့ကူညီပေးနေသော ရေခဲမြစ်များပျောက်ကွယ်သွားပါက ကြီးမားလှသောကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းကြီးကို ဘက်ပေါင်းစုံမှတွေ့ကြုံခံစားလာကြရမည်ဖြစ်သည်။

ယခုအခါတွင် ပတ်ဝန်းကျင်နှင့်လူတို့ကဖြစ်ပေါ်စေသောအကြောင်းရင်းများစွာတို့ကြောင့် ရေခဲမြစ်များသည် စိုးရိမ်ဖွယ်ရာနှုန်းဖြင့် တဖြည်းဖြည်းပျောက်ကွယ်လျက်ရှိသည်။ ထိုအကြောင်းရင်းများအနက်မှ အောက်ပါအချက်များသည် ရေခဲမြစ်များအတွက် အဓိကခြိမ်းခြောက်မှုများပင်ဖြစ်သည်။

**(၁) ရာသီဥတုပြောင်းလဲမှုများ**

ရေခဲမြစ်များ စိုးရိမ်ဖွယ်ရာနှုန်းဖြင့် အရည်ပျော်လာရခြင်း၏အဓိကအကြောင်းရင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းဖြစ်သည်။ အပူချိန်များပိုမိုမြင့်တက်လာခြင်းသည် ရေခဲအရည်ပျော်မှုကိုမြန်စေပြီး ရေခဲမြစ်အရွယ်အစားကိုလျော့ကျစေကာ မြစ်အောက်ပိုင်းဒေသများတွင် ပြင်းထန်သောရေပြတ်လပ်မှုကို ဖြစ်စေနိုင်သည်။ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာကြီးပူနွေးလာမှုသည် လက်ရှိနှုန်းအတိုင်း ဆက်လက်မြင့်တက်နေပါက ရေခဲမြစ်အများအပြားသည် ဆယ်စုနှစ်အနည်းငယ်အတွင်း ပျောက်ကွယ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့လူသားများအားလုံး အားထားမှီခိုနေရသည့်ရေအရင်းအမြစ်များစွာကိုဆုံးရှုံးရနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားကြသည်။

**(၂) လေထုညစ်ညမ်းမှုနှင့် Black Carbon (BC)**

အထူးသဖြင့် ရုပ်ကြွင်းလောင်စာများနှင့် ဇီဝလောင်စာများလောင်ကျွမ်းခြင်းကြောင့် Black Carbon များထွက်ပေါ်လာပြီး လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာသည်။ ထိုမှတစ်ဆင့် Black Carbon များသည် ရေခဲမြစ်များပေါ်သို့ကျရောက်လာပြီး ၎င်းတို့၏ မျက်နှာပြင်ကို မည်းမှောင်သွားစေသည်။ ထိုသို့ဖြင့် ရေခဲမြစ်များ၏နေရောင်ခြည်ရောင်ပြန်ဟပ်နိုင်စွမ်းကို လျော့နည်းစေသည်။ ထို့ပြင် Black Carbon များဖုံးလွှမ်းနေသည့် ရေခဲမြစ်များ၏မျက်နှာပြင်သည် အပူကိုပိုမိုစုပ်ယူလာနိုင်ပြီး အရည်ပျော်မှုကိုပို၍လျင်မြန်လာစေသည်။ စက်မှုဇုန်များထွန်းကားလာမှု၊ သစ်တောပြုန်းတီးမှုနှင့် စက်တပ်ယာဉ်များအလွန်အကျွံသုံးစွဲလာမှုတို့သည် ဤပြဿနာ၏နောက်ခံအကြောင်းရင်းများပင်ဖြစ်သည်။

**(၃) ရေအရင်းအမြစ်များမှ လွန်ကဲစွာထုတ်ယူသုံးစွဲခြင်း**

ရေခဲမြစ်များပျက်စီးယိုယွင်းလာသည်နှင့်အမျှ လူတို့သည် ရေရယူသုံးစွဲရေးအတွက် မြေအောက်ရေနှင့် မြစ်ရေစီးကြောင်းများကို ပိုမိုအားကိုးလာကြသည်။ မြေအောက်ရေနှင့် မြစ်ချောင်းများမှရေကို အလွန်အကျွံထုတ်ယူခြင်းသည် လူသားများအတွက်သာမက သဘာဝဂေဟစနစ်ကြီးတစ်ခုလုံးကိုပါ ထိခိုက်စေသည်။

**(၄) သစ်တောပြုန်းတီးမှုနှင့် မြေယာပျက်စီးခြင်း**

ရေခဲမြစ်များတည်တံ့ခိုင်မြဲမှုအပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိသောအပူချိန်ပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုပုံစံများကို သစ်တောများက ထိန်းညှိပေးသည်။ သစ်တောပြုန်းတီးမှုသည် မြေဆီလွှာတိုက်စားမှုကို ဖြစ်ပေါ်စေသည့်အပြင် သဘာဝရေသံသရာလည်ပတ်မှုကိုလည်း ပြောင်းလဲစေသည်။ ထိုမှတစ်ဆင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာကာ မိုးခေါင်ရေရှားခြင်းနှင့်ကမ္ဘာကြီးပူနွေးလာခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာသည်နှင့်အမျှ ရေခဲမြစ်များသာမန်ထက်ပိုမိုလျင်မြန်စွာ အရည်ပျော်လာပြီး မြစ်များအတွင်းစီးဆင်းလာခြင်းနှင့်အနည်ကျမှုပိုမိုများပြားလာခြင်းကြောင့် ရေကြီးရေလျှံမှုများကိုပါ ဖြစ်ပွားလာစေသည်။




ယနေ့ ၂၁ ရာစုတွင် ရေခဲမြစ်များသည် အရှိန်အဟုန်ဖြင့် အရည်ပျော်လာပြီး သိသိသာသာယိုယွင်းလာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နှင့်၂၀၂၃ ခုနှစ်အတွင်း အန္တာတိကတိုက်နှင့်ဂရင်းလန်းဒေသအပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ ရေခဲမြစ်များသည် နှစ်စဉ် တန်ချိန် ၂၇၃ ဘီလီယံခန့်ဆုံးရှုံးခဲ့ပြီး စုစုပေါင်းတန်ချိန် ၆ ဒသမ ၅၄၂ ထရီလီယံခန့် ဆုံးရှုံးခဲ့ရသည်။ ဤအရည်ပျော်မှုကြောင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၂ စင်တီမီတာနီးပါး (ပျမ်းမျှအားဖြင့် ၁၈ မီလီမီတာ)မြင့်တက်လာခဲ့သည်။ ထို့ပြင် ယခင်ဆယ်စုနှစ်များနှင့်နှိုင်းယှဉ်ပါက ၂၀၁၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း၌ ရေခဲဆုံးရှုံးမှုနှုန်းမှာ ၃၆ ရာခိုင်နှုန်းတိုးလာခဲ့သည်။ European Alps နှင့် Pyreness ဒေသအတွင်းရှိ ရေခဲမြစ်များသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ၎င်းတို့ ထုထည်၏ ၄၀ ရာခိုင်နှုန်းခန့်ဆုံးရှုံးသွားသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ကမ္ဘာ့အပူချိန်တိုးတက်လာမှုအပေါ်မူတည်ပြီး ရေခဲမြစ်များ၏ ထုထည် ၂၆ ရာခိုင်နှုန်းမှ ၄၁ ရာခိုင်နှုန်းကြားဆုံးရှုံးမည်ဟု ခန့်မှန်းချက်များကညွှန်ပြနေသည်။ ဤကဲ့သို့အစုလိုက်အပြုံလိုက် ဆုံးရှုံးမှုသည် ပင်လယ်ရေမျက်နှာပြင်ကို ခန့်မှန်းခြေအားဖြင့် ၉၀ မီလီမီတာမှ ၁၅၄ မီလီမီတာအထိ မြင့်တက်လာစေကာ ကမ္ဘာတစ်ဝန်းရှိ ရေခဲမြစ်များ၏ ၄၉ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအထိ ပျောက်ဆုံးစေနိုင်သည်။ ဤတွေ့ရှိချက်များသည် ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသည့် ရေခဲမြစ်များ၏အနာဂတ်ကို မီးမောင်းထိုးပြနေပေသည်။ သဘာဝရေလှောင်ကန်များဖြစ်သည့် ရေခဲမြစ်များ၏ယိုယွင်းကျဆင်းလာခြင်းသည် သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်းများအတွက် ရေရရှိနိုင်မှုကို အနှောင့်အယှက်ဖြစ်စေပြီး အထူးသဖြင့် ရာသီအလိုက်အရည်ပျော်သော ရေကိုမှီခိုနေရသော လူမှုအသိုင်းအဝိုင်းများကို ထိခိုက်စေသည်။ ရေခဲမြစ်များက ထောက်ပံ့ပေးနေသောမြစ်များသည် စိုက်ပျိုးရေးအတွက် လိုအပ်သောရေကိုပေးသည်။ ထို့ကြောင့် ရေခဲမြစ်များအရည်ပျော်မှုနှုန်းမြင့်မားလာခြင်းသည် သီးနှံအထွက်နှုန်းလျော့ကျခြင်းနှင့် အစာရေစာပြတ်လပ်ခြင်းတို့ကိုပါဖြစ်စေနိုင်သည်။ ထို့ပြင် ရေခဲမြစ်များအရည်ပျော်ခြင်းသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကိုသိသိသာသာဖြစ်ပေါ်စေပြီး ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းဒေသများကို ခြိမ်းခြောက်လျက်ရှိသည်။ “Doomsday Glacier”ဟုခေါ်လေ့ရှိသော အန္တာတိကတိုက်ရှိ Thwaites ရေခဲမြစ်သည် ယခင်ကမျှော်လင့်ထားသည်ထက် ပိုမိုလျင်မြန်စွာအရည်ပျော်နေပြီး ပြိုကျလာပါက ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်ကို ၁၀ ပေအထိ မြင့်တက်လာစေနိုင်သည်။ ဤသည်သာမက ရေအရင်းအမြစ်များကိုမှီခိုနေရသည့် ရေနေဂေဟစနစ်နှင့်တောရိုင်းတိရစ္ဆာန်များသည်လည်း စားကျက်မြေများပျက်စီးခြင်းနှင့် အပူချိန်ပြောင်းလဲမှုများကြောင့် ရှင်သန်တည်မြဲမှုအတွက် အခက်အခဲများကြုံတွေ့လာကြရမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့၏တစ်ခုတည်းသော မှီခိုအားထားရာဖြစ်သည့် ကမ္ဘာကြီးအပေါ် များစွာအကျိုးသက်ရောက်မှုရှိသောရေခဲမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းကြရပေမည်။ နိုင်ငံတကာအစိုးရများနှင့်စက်မှုလုပ်ငန်းများအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရင်းမြစ်များကိုအသုံးပြုခြင်း၊ စွမ်းအင်ထိရောက်မှုမြှင့်တင်ခြင်းနှင့်သယ်ယူပို့ဆောင်ရေးတွင် စက်တပ်ယာဉ်များအသုံးပြုမှုလျှော့ချခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုလျှော့ချရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်များနှင့် သစ်တောပြုန်းတီးမှုတို့မှလေထုညစ်ညမ်းမှုကိုလျှော့ချခြင်းဖြင့် ရေခဲမြစ်များအပေါ် Black Carbon ကျရောက်မှုကို ကာကွယ်နိုင်သည်။ သစ်ပင်များပြန်လည်စိုက်ပျိုးမှုကိုမြှင့်တင်ခြင်းသည် ဒေသအပူချိန်ကို ထိန်းညှိပေးရန်၊ မြေဆီလွှာတိုက်စားခြင်းမှကာကွယ်ပေးရန်နှင့်သဘာဝရေလည်ပတ်မှုကိုထိန်းသိမ်းရန်အတွက် ကူညီပေးသည်။ ထိရောက်သောဆည်မြောင်းရေပေးဝေခြင်းဆိုင်ရာနည်းပညာများ(Efficient Irrigation Techniques )ကို အကောင်အထည်ဖော်ခြင်း၊ မိုးရေများသိုလှောင်ခြင်းနှင့် ရေထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒများချမှတ်ခြင်းဖြင့် ရေခဲမြစ်များအပေါ် မှီခိုမှုကိုလျှော့ချနိုင်သည်။

စာမျက်နှာ ၁၄ သို့

⏭ စာမျက်နှာ ၁၃ မှအဆက်

ထို့ပြင် ရေခဲမြစ်များ၏အရေးပါမှုနှင့်ကာကွယ်ထိန်းသိမ်းရန်လိုအပ်နေမှုကို နိုင်ငံတကာရှိ အလွှာပေါင်းစုံမှ လူတန်းစားအားလုံး သိရှိနားလည်စေရန် ကြိုးပမ်းဆောင်ရွက်ရန်မှာလည်းအရေးကြီးပေသည်။ ကမ္ဘာ့ကုလသမဂ္ဂသည် ၁၉၇၇ ခုနှစ်တွင် ကုလသမဂ္ဂရေညီလာခံ (Mar dal Plata Water Conference)ကို မတ်လ ၁၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး ရေသည် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ကြသည်ကို တွေ့ရှိရသည်။ ၁၉၉၂ ခုနှစ် ရီယိုဒီဂျနေးရိုး(Rio de Janeiro)မြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံတွင် လုပ်ငန်းစဉ်အမှတ်(၂၁)အရ ကမ္ဘာ့ရေနေ့နှင့်ပတ်သက်၍ ပထမဆုံးအနေဖြင့် တရားဝင်အဆိုပြုခဲ့ကြသည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၌ "ကျွန်ုပ်တို့၏ဘဝတွင် ရေ၏အရေးပါမှုကိုသတိပြုမိစေရန်နှင့် ကမ္ဘာ့ရေအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ တွန်းအားပေးရန်"အတွက် A/RES/47/193 ဆုံးဖြတ်ချက်အရ မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေနေ့(World Water Day)အဖြစ် သတ်မှတ်ခဲ့ကြသည်။ ပထမဆုံး ကမ္ဘာ့ရေနေ့အခမ်းအနားကို ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ယခု ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်နေ့ဆိုလျှင် (၃၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကုလသမဂ္ဂ၏ ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ(United Nations World Water Develo–pment Report–WWDR)သည် UN–Water ၏အထင်ကရအစီရင်ခံစာဖြစ်သည်။ ယင်းတွင် ရေနှင့်မိလ္လာဆိုင်ရာပြဿနာများကိုလည်း ထည့်သွင်းဖော်ပြလေ့ရှိသည်။ ယင်းအစီရင်ခံစာက နှစ်စဉ်မတူညီသောဆောင်ပုဒ်တစ်ခုအပေါ်တွင် အလေးဂရုထားပြီး မူဝါဒချမှတ်ကာ ဆုံးဖြတ်လုပ်ဆောင်ကြမည့်သူတို့အတွက် အကောင်းဆုံးလုပ်ဆောင်သင့်သည်များ၊ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ချက်များ စသည့်အကြံပြုချက်များဖော်ပြပါသည်။ ရေရှည်တည်တံ့သောမူဝါဒများအား ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေသော ယင်းအစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲမှုအစီရင်ခံစာကို World Water Development Pro–gramme ကိုယ်စား UNESCO က ညှိနှိုင်းဆောင်ရွက်ပေးပြီး ယင်းအစီရင်ခံစာအရ ကမ္ဘာ့ရေနေ့၏ဆောင်ပုဒ်ကို သတ်မှတ်ဆုံးဖြတ်ခြင်းဖြစ်သည်။ UN–Water သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ညှိနှိုင်းတိုင်ပင်ပြီး ယင်းဆောင်ပုဒ်ကို နှစ်စဉ်ရွေးချယ်ကာ နှိုးဆော်ပေးသည်။

ယခုနှစ် ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေနေ့အတွက်ဆောင်ပုဒ်မှာ "ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့" "Glacier Preser–vation"ဖြစ်သည်။ ထိုဆောင်ပုဒ်နှင့်အညီ ကျွန်ုပ်တို့ကမ္ဘာမြေကြီးအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်များ၏ကျောထောက်နောက်ခံဖြစ်သည့် ရေခဲမြစ်များကို ကာကွယ်ထိန်းသိမ်းကြရန်အထူးလိုအပ်သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် UNESCO နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့(WMO)တို့က အပြည်ပြည်ဆိုင်ရာရေခဲမြစ်များထိန်းသိမ်းစောင့်ရှောက်ရေးနှစ်(International Year of Glaciers Preservation)ကို စတင်ခဲ့သည်။ ဤပဏာမခြေလှမ်းက ရေခဲမြစ်များသည် လူဦးရေနှစ်ဘီလီယံကျော်အား ရေချိုပေးဆောင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြောင်းကို တစ်ကမ္ဘာလုံးက သတိပြုမိစေရန်နှင့်ရေခဲမြစ်အရည်ပျော်မှု အရှိန်မြင့်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုများကိုဖြေရှင်းရန်ရည်ရွယ်သည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့ရေနေ့လှုပ်ရှားမှုသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင်စတင်ခဲ့သော "ရေခဲမြစ်များထိန်းသိမ်းခြင်း"ကို အဓိကထားလုပ်ဆောင်ခြင်းဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် "အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ" (National Water Resources Committee) ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းကာ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များ စီမံဆောင်ရွက်နိုင်ရန် ဦးတည်ကြိုးပမ်းလျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ ကြွယ်ဝလှသောရေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာဥပဒေများစိစစ်ခြင်း၊ မူလအစိုးရဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်ပူးပေါင်းခြင်းတို့ကို အဆိုပါအမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအနက် ရေချိုပေါများသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံးရေချိုပိုင်ဆိုင်မှု၏ ၁ ဒသမ ၇ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်ထားသည်။ နိုင်ငံအတွင်းရှိ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တာတမံများနှင့် ရေတွင်းရေကန်များသည် မြန်မာ့ရေချိုအရင်းအမြစ်များပင်ဖြစ်ကြသည်။ ရေချိုအရင်းအမြစ်များ ပေါကြွယ်ဝသည်ဟုဆိုသော်လည်း အထက်အညာဒေသအပါအဝင် နေရာဒေသအချို့၌ နွေအခါတွင် ရေမလုံလောက်သည့်ပြဿနာမျိုးလည်း ရှိနေသေးသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့်ကျင့်ဝတ်များကိုတာဝန်သိစွာ လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ ကမ္ဘာ့နိုင်ငံများနည်းတူ ရေအရင်းအမြစ်များ တည်တံ့ခိုင်မြဲရေးနှင့်ရေခဲမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

"Never Waste even a drop of water no water, no life and no blue, no green" ဟူသည့် ဆိုရိုးအတိုင်း ရေတစ်စက်၊ ရေတစ်ပေါက်မျှပင် အကျိုးမဲ့ဆုံးရှုံးမခံသင့်ပေ။ ရေမရှိလျှင် သက်ရှိတို့ အသက်ရှင်နေထိုင်ရန် မဖြစ်နိုင်သလို ကမ္ဘာမြေပေါ်တွင် အေးချမ်းသော အပြာရောင်နှင့် စိမ်းလန်းလတ်ဆတ်သောအစိမ်းရောင်များ မြင်တွေ့နိုင်ရန်မဖြစ်နိုင်ပေ။ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုချမှတ်ခဲ့သော "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇)ချက်" (17 Sustainable Development Goals – 17 SDGs)၏ "ပန်းတိုင်(၆)–သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး"ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ယနေ့ကမ္ဘာကြီးကြုံတွေ့နေရသော ရေရရှိမှုဆိုင်ရာအကျပ်အတည်းကို ဖြေရှင်းကြရမည်ဖြစ်သည်။ ရှေ့ဆက်၍ မိမိတို့အနေဖြင့် "ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့" "Glacier Preservation" ဟူသည့်ဆောင်ပုဒ်နှင့်အညီ တာဝန်သိစွာ ရေခဲမြစ်များကို အရှိန်အဟုန်မြှင့်ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်းနှင့် မိမိတို့တစ်ဦးချင်းစီ၏ လူမှုဘဝနေထိုင်မှုပုံစံများနှင့် ရေသုံးစွဲမှုပမာဏများကိုလည်း ဂရုပြုစီမံခန့်ခွဲကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၅ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ရေနေ့(World Water Day)ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂူစတာဗို ရော်ချာ ဒီ မင်နင်းဇီးစ်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် ကျင်းပခဲ့သည့် မြန်မာ–ဘရာဇီးနှစ်နိုင်ငံအကြား စတုတ္ထအကြိမ်နိုင်ငံရေးရာဆွေးနွေးပွဲရလဒ်များ၊ မြန်မာနိုင်ငံနှင့်ဘရာဇီးနိုင်ငံတို့အကြား ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု (South–South Cooperation) အောက်တွင် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အရ မြန်မာနိုင်ငံ၌ မြွေဆိပ်ဖြေဆေးအရည်အသွေးပိုင်းဆိုင်ရာကိစ္စရပ်များတိုးမြှင့်နိုင်ရေး အပါအဝင် ဘရာဇီးနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် နှစ်နိုင်ငံကောင်စစ်ရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် BRICS အဖွဲ့၊ ဆင်းရဲနွမ်းပါးမှုနှင့်ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာမဟာမိတ်အဖွဲ့ ကိစ္စရပ်များအပြင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်အထူးကုဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေး



နေပြည်တော် မတ် ၂၁

နှစ် (၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့ပူးပေါင်း၍ ပဉ္စမအကြိမ် စက္ခုအလင်းဒါနအဖြစ် နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအား အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအေးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီး၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မျက်စိဝေဒနာရှင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းကို မတ်လ ၁၇ ရက်မှ ၂၄ ရက်အထိ ကုသပေးသွားမည်ဖြစ်ပြီး မတ်လ ၂၀ ရက်အထိ ဝန်ကြီးဌာနများမှ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအပါအဝင် အခြားပြင်ပလူနာ စုစုပေါင်း ၉၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**❖ အစိုးရအဆက်ဆက်ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းရေးအခြေအနေများထက် ပြည်ပကအားပေးလှုံ့ဆော်ပါဝင်စွက်ဖက်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခသည် မငြိမ်းနိုင်သည့်မီးတောက်များကဲ့သို့ ယခုထိရှိနေဆဲပင်ဖြစ် . . .**

**❖ ထိုသို့အဖြစ်အပျက်များကြောင့် မိမိတို့နိုင်ငံသည် အခွင့်အလမ်းများရှိလျက်နှင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရ၊ ယင်းစိန်ခေါ်မှုများကို အခွင့်အလမ်းများ၊ အရာရောက်မှုများအဖြစ် ပြောင်းလဲပစ်နိုင်ပြီး ယင်းသည် မိမိနိုင်ငံ၊ မိမိပြည်သူကိုချစ်သည့်စိတ်၊ မြန်မာစိတ်မွေးမြူပြီး စုစည်းညီညွတ်သည့် အင်အားတည်ဆောက်နိုင်ရေးပင်ဖြစ် . . .**

**❖ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များပေးနိုင်ရန်လို၊ သို့မှသာနိုင်ငံ၏** GDP **ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် . . .**

**❖ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး “ မြန်မာ့အနာဂတ်ဘဝလှပဖို့ - မြန်မာ့တန်ဖိုးမြှင့်ကြစို့” ဟု လေးနက်စွာတိုက်တွန်းပြောကြားလို . . .**

✮ **စာမျက်နှာ ၁၇ မှအဆက်**

မိမိတို့နိုင်ငံ၏ အခွင့်အလမ်းနှင့် အားသာချက်များပင်ဖြစ်ကြောင်း၊ နိုင်ငံ၏ပင်လယ်ကမ်းရိုးတန်းအရှည်မှာ မိုင်ပေါင်း ၁၃၀၀ ကျော်ရှိပြီး ရေနက်ဆိပ်ကမ်းများနှင့် စီးပွားရေးဇုန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပင်လယ်ရေကြောင်းကုန်သွယ်ရေးနှင့်ပတ်သက်၍ ပထဝီဝင်အနေအထားအရ အချက်အခြာကျသည့်နေရာတွင်တည်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ပတ်ဝန်းကျင်တွင်အိမ်နီးချင်းနိုင်ငံ ၅ နိုင်ငံရှိပြီး လူဦးရေအများဆုံးဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင်တည်ရှိကြောင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှဆက်သွယ်ရေးလမ်းကြောင်းပေါ်၌ရှိပြီး ဆုံချက်(Pivot Area) ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ ၄ ဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့် ရှိသည့်အတွက် မိမိတို့နိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကိုတင်ပို့နိုင်သော ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့်အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းကပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံသည် သင့်တော်သော ရာသီဥတု၊ များပြားလှသည့်စိုက်ပျိုးမြေ၊ သဘာဝသယံဇာတပေါများမှုများကြောင့် ရှေ့သမိုင်းအစဉ်အဆက်ကတည်းက အင်အားအသင့်အတင့်ရှိသည့် လူမျိုးစုများ၊ အင်အားနည်းသည့်လူမျိုးစုများ၏ ပြောင်းရွှေ့နေထိုင်ရာ၊ အခြေချနေထိုင်ရာ နယ်မြေဖြစ်ခဲ့သဖြင့် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံစုစည်းနေထိုင်ရာ အမိမြေ၊ အမိနိုင်ငံတော်ဖြစ်ခဲ့ကြောင်း၊ ကိုလိုနီခေတ်၏ သွေးခွဲအုပ်ချုပ်မှုစနစ်အရ စုစည်းနေထိုင်ခဲ့သည့်တိုင်းရင်းသားများ၏ ညီညွတ်မှုသည်ပြိုကွဲခဲ့ရကြောင်း၊ ထိုသို့သွေးကွဲခဲ့ရသည့် အဖြစ်များ၏နောက်တွင် လက်နက်ကိုင်ပဋိပက္ခများကို နယ်ချဲ့ကိုလိုနီများနှင့် အပေါင်းအပါများကပင် ဆက်လက်အားပေးထောက်ပံ့ခဲ့ကြောင်း၊ ထို့အပြင် အယူဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ နိုင်ငံရေးစနစ်ကွဲပြားမှုများအပေါ် ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်ပြီးပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြီးမားလာအောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ အစိုးရအဆက်ဆက် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးစားတည်ဆောက်ခဲ့သော်လည်း ပြည်တွင်းရေးအခြေအနေများထက်ပြည်ပကအားပေးလှုံ့ဆော်ပါဝင်စွက်ဖက်မှုများကြောင့် လက်နက်ကိုင်ပဋိပက္ခသည်မငြိမ်းနိုင်သည့်မီးတောက်များကဲ့သို့ ယခုထိ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထိုသို့အဖြစ်အပျက်များကြောင့် မိမိတို့နိုင်ငံသည် အခွင့်အလမ်းများရှိလျက်နှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ယင်းစိန်ခေါ်မှုများကို အခွင့်အလမ်းများ၊ အရာရောက်မှုများအဖြစ် ပြောင်းလဲပစ်နိုင်ပြီး ယင်းသည် မိမိနိုင်ငံ၊ မိမိပြည်သူကိုချစ်သည့်စိတ်၊ မြန်မာစိတ်မွေးမြူပြီး စုစည်းညီညွတ်သည့် အင်အားတည်ဆောက်နိုင်ရေးပင်ဖြစ်ကြောင်း၊ မိမိတို့စုစည်းညီညွတ်မှုမရှိသမျှမည်သည့် စီးပွားရေးစနစ်မျှ အောင်မြင်မည်မဟုတ်ကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်မျှခိုင်ခိုင်မာမာဦးဆောင်နိုင်မည်မဟုတ်ကြောင်း၊ မည်သည့်လူမှုရေးစနစ်မျှ သာယာဝပြောစိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည်မဟုတ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့်ရော်ဘာတို့မှထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကိုတင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်ခြင်းဖြစ်ကြောင်း။

စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံလိုအပ်ချက်များမှာ လူ့စွမ်းအားအရင်းအမြစ်(HR)နှင့် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ကြောင်း၊ နိုင်ငံတွင် လူဦးရေ ၅၁ သန်းခန့်ရှိပြီး ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ပညာရေးကဏ္ဍ၌ လိုအပ်ချက်များရှိနေသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ်လုသားအရင်းအမြစ်များ လိုအပ်သဖြင့်အခြေခံပညာရေးစနစ်ကို မြှင့်တင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည့်အပြင် အဆင့်မြင့်ပညာရေးစနစ်များကိုလည်း နိုင်ငံတော်မှ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို နိုင်ငံအနှံ့ဖွင့်လှစ်ပေးထားပြီး Polytechnic University များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် အာမခံချက်များပေးနိုင်ရန်လိုကြောင်း၊ သို့မှသာနိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏စီးပွားရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပြည်သူများလိုလားပြီး နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ဆန္ဒများကိုလည်း ဥပဒေနှင့်အညီ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင်ရှိနေကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အခွင့်အလမ်းများရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို နည်းလမ်းပေါင်းစုံဖြင့်ကျော်လွှားပြီး နိုင်ငံတိုးတက်ရေးကိုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ယနေ့မှစပြီး **“မြန်မာ့ အနာဂတ်ဘဝလှပဖို့– မြန်မာ့တန်ဖိုးမြှင့်ကြစို့”** ဟု လေးနက်စွာ တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပမှလာရောက်ဆွေးနွေးကြသည့်ပညာရှင်များအား အထိမ်းအမှတ်တံဆိပ်များ ပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှအနုပညာရှင်များက “ရွှင်လန်းချမ်းမြေ့ပါစေ” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုခဲ့ကြသည်။

အဆိုပါသုံးသပ်ဆွေးနွေးပွဲတွင်**“ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့်အာရှ၏ အခန်းကဏ္ဍ”၊ “၂၀၂၅ အလွန်ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများနှင့် ရရှိနိုင်သည့်အခွင့်အလမ်းများ”၊ “၂၀၂၅ အလွန်ဗဟုဝင်ရိုးကာလတွင် မြန်မာနိုင်ငံ ကြုံတွေ့ရမည့် ပထဝီနိုင်ငံရေး စိန်ခေါ်မှုများနှင့်ရရှိနိုင်သည့်အခွင့်အလမ်းများ”** စသည့်ခေါင်းစဉ်သုံးခုကို တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ အီတလီ၊ နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းမှပညာရှင်များက ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။

သုံးသပ်ဆွေးနွေးပွဲကို နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ် အလွန်ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများအားသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသတင်းရရှိသည်။ (၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ပမှလာရောက်ဆွေးနွေးကြသည့် ပညာရှင်များအား အထိမ်းအမှတ်တံဆိပ်များပေးအပ်စဉ်။

❖ နိုင်ငံတကာဆက်ဆံရေးများတွင် အင်အားကြီးနိုင်ငံများ၏လွှမ်းမိုးမှုပုံစံများပြောင်းလဲလာနေသည်ကို တွေ့ကြရမည်ဖြစ်သကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည်လည်း ပိုပြီးအရေးပါလာနေသည်ကို တွေ့ရမည်ဖြစ် . . .

❖ ပထဝီနိုင်ငံရေးကြောင့် ပြတ်တောက်မှုများဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် ရှားပါးသတ္တုများနှင့် စားရေရိက္ခာဖူလုံရေးတို့ကို လုံခြုံစိတ်ချရအောင် စီမံဆောင်ရွက်ထိန်းသိမ်းကြရမည်ဖြစ် . . .

❖ ယခုဆွေးနွေးပွဲတွင် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ထိုင်း၊ နီပေါ၊ ဂျပန်၊ အီတလီ စသည့်နိုင်ငံများမှ အတွေ့အကြုံ ဗဟုသုတများစွာရှိသည့် ပညာရှင်ကြီးများက လာရောက်ဆွေးနွေးအကြံပြုကြမည်ဖြစ်သဖြင့် ၂၀၂၅ အလွန် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုအဖြစ် ပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ် . . .

✭ ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာမှ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံရေးပါတီများမှတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ စစ်ဘက်နှင့်နယ်ဘက် တက္ကသိုလ်များမှ နိုင်ငံတကာဆက်ဆံရေးဌာနများရှိ ဆရာ၊ ဆရာမများနှင့် လေ့လာသုံးသပ်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ပပညာရှင်များအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "လှသော ချစ်သော မြန်မာ"သီချင်းဖြင့် ကပြဖျော်ဖြေပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "၂၀၂၅ ခုနှစ် ရှုမြော်မှုအသစ်နှင့် မြန်မာနိုင်ငံ" Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ကောင်းမွန်သည့်အနာဂတ်ကိုပုံဖော်နိုင်ရန်နှင့် ကမ္ဘာ့အသိုက်အဝန်းနှင့်ချိတ်ဆက်မှုများ ဆောင်ရွက်ရာတွင် အရေးပါသည့်အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့်ကမ္ဘာကြီးသည် ယနေ့အချိန်အခါတွင် ဗဟုဝင်ရိုးကမ္ဘာကြီးအဖြစ် ပြောင်းလဲလျက်ရှိနေကြောင်း၊ နိုင်ငံတကာဆက်ဆံရေးများတွင် အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုပုံစံများ ပြောင်းလဲလာနေသည်ကို တွေ့ကြရမည်ဖြစ်သကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည်လည်း ပိုပြီးအရေးပါလာနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Globalization ကာလမှ Regionalization ပုံစံများဆန်းသစ်ပေါ်ထွန်းလာနေသည့်အချိန်အခါကို ပြောင်းလဲလာနေပြီဟုပြောရမည်ဖြစ်ကြောင်း။

ဗဟုဝင်ရိုးကမ္ဘာဟု သိကြသည့်ဝင်ရိုးစုံကမ္ဘာ(Multipolar World) ဆိုသည်မှာ ယခင်က ကမ္ဘာ့စင်မြင့်တွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးကြီးစိုးခဲ့ရာမှ ယခုအချိန်တွင် အဆိုပါပုံစံ၊ အဆိုပါအခင်းအကျင်းများနှင့်မတူဘဲ နိုင်ငံများစွာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် သိသာထင်ရှားသည့်စုစည်းမှုစွမ်းအားများ ရှိလာကြပြီဖြစ်ကြောင်း၊ အဆိုပါစုစည်းအားများက ကမ္ဘာ့စင်မြင့်တွင် ပျံ့နှံ့ဖြာထွက် ဩဇာသက်ရောက်လာသည့်ကမ္ဘာ့အစီအစဉ်အသစ်တစ်ခုဟု ပြောရမည်ဖြစ်ကြောင်း၊ တရုတ်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂနှင့်ရုရှားနိုင်ငံတို့ကဲ့သို့ ဘက်ပေါင်းစုံမှ တိုးတက်အောင်မြင်လာကြခြင်းများသည် ယခင်ကအစဉ်အလာရှိသည့် အင်အားကြီးနိုင်ငံများ၏ဩဇာလွှမ်းမိုးမှုကို စိန်ခေါ်လာနေပြီဟုဆိုနိုင်ကြောင်း။

ထိုသို့ဩဇာသက်ရောက်မှုပါဝါများသည် နိုင်ငံအတော်များများနှင့် ဒေသအဖွဲ့အစည်းများဆီကို ကွဲပြားဖြန့်ကြက်လာနေသည့်အတွက် ကမ္ဘာကြီးသည် ယခင်ကကဲ့သို့ဩဇာလွှမ်းမိုးမှုတစ်ဖက်စောင်းနင်းမဖြစ်တော့ဘဲ ပါဝါဟန်ချက်ကို ထိန်းညှိလာစေကြောင်း၊ တစ်နည်းအားဖြင့် မည်သည့်နိုင်ငံတစ်နိုင်ငံတည်းကမှ ကမ္ဘာလုံးဆိုင်ရာ ရလဒ်တစ်ခုကို ၎င်းကိုယ်ပိုင်ဖန်တီး၍ မရနိုင်တော့သည်ကို အားလုံးက သိမြင်နေကြပြီဖြစ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတကာပြဿနာများကို ပိုမိုစုပေါင်းပါဝင်သည့် နိုင်ငံစုံအဖွဲ့အစည်းများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများမှ တစ်ဆင့် ဖြေရှင်းလာနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ဩဇာပါဝါကိုယ်စီရှိနေကြသည့် နိုင်ငံများသည် ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန်ထက် အပြိုင်အဆိုင်ဩဇာလွှမ်းမိုးရန် ကြိုးပမ်းလာနေကြသည်ကိုလည်း တွေ့နေကြရကြောင်း။

ပြောင်းလဲလာနေသည့် ဗဟုဝင်ရိုးကမ္ဘာအစီအစဉ်ကြီးထဲတွင် နိုင်ငံများသည် ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးပကတိအခြေအနေအသစ်များနှင့်လိုက်လျောညီထွေရပ်တည်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခင်က စူပါပါဝါတစ်နိုင်ငံတည်းက ကြီးစိုးသည့်အနေအထားမှ အဓိကနိုင်ငံကြီးများက ယှဉ်ပြိုင်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကမ္ဘာ့အစီအစဉ်သစ်ကြီးထဲ ပါဝင်လာကြခြင်းသည် နက်နဲသိမ်မွေ့ပြီး မျှတမှု၊ ပေါင်းစည်းမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အသွင်ကူးပြောင်းမှုဖြစ်စဉ်ကြီးဖြင့် အဆင်ပြေပြေအံဝင်ခွင်ကျနှင့် အကျိုးရှိရှိလိုက်ပါနိုင်ရန် နိုင်ငံအားလုံးသည် မဟာဗျူဟာများချမှတ်ကြိုတင်ပြင်ဆင်ကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ပထမဆုံးအနေဖြင့် မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်(Strategic Autonomy) ရှိရန်လိုအပ်ကြောင်း၊ နိုင်ငံများသည် အင်အားကြီးစူပါပါဝါတစ်နိုင်ငံတည်းအပေါ် အလွန်အမင်းမှီခိုနေရမှုကိုရှောင်ရှားကြပြီး မိမိတို့၏မိတ်ဖက်များကို တိုးချဲ့ဆက်ဆံကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ကြမှသာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်စေပြီး မလိုအပ်သည့်ဖိအားများကိုလည်း မိတ်ဖက်များ၏ပေါင်းစည်းအားဖြင့် ကြံ့ကြံ့ခံနိုင်လာမည်ဖြစ်ကြောင်း၊ မိမိတို့၏မိတ်ဖက်များဟုဆိုလိုက်ပါက နိုင်ငံများအပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများလည်း ပါဝင်မည်ဖြစ်ကြောင်း။

မိမိတို့၏မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့်အစီအမံများချမှတ်နိုင်ရန်လိုကြောင်း၊ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့် နည်းပညာအရဆိုသည့် မတူညီသောနယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့်ကမ္ဘာ့အစီအစဉ်သစ်(New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများလုပ်ကြရမည်ဖြစ်ကြောင်း။

မိမိတို့သည် ဈေးကွက်တစ်ခုတည်းအားအလွန်အမင်းမှီခိုနေမှုကို လျှော့ချကြရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ဆက်ဆံရေးများကို ဒေသစုံနှင့် ဖြန့်ကြက်နိုင်စွမ်း မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions)များကြောင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာစီးပွားရေးပေါင်းစပ်မှု (Regional Economic Integration)များကို လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက် (Supply Chains) များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍများဖြစ်သည့် စားရေရိက္ခာ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍများကဲ့သို့ လုပ်ငန်းများကို ဦးစားပေးရင်းနှီးမြှုပ်နှံကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နည်းပညာနှင့်ဒစ်ဂျစ်တယ်အချုပ်အခြာပိုင်ဆိုင်မှုသည်လည်း အဓိကရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည့် ကဏ္ဍများပင်ဖြစ်ကြောင်း၊ ဝင်ရိုးစုံကမ္ဘာ၏ယှဉ်ပြိုင်မှုကြီးထဲ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ပမှလာရောက်ဆွေးနွေးကြသည့်ပညာရှင်များအား အထိမ်းအမှတ်တံဆိပ်များပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအားကြည့်ရှုစဉ်။

တွင် နည်းပညာသည် အခြေခံကျသည့်ကဏ္ဍတစ်ခုဖြစ်လာနေကြောင်း၊ အထူးသဖြင့် ဉာဏ်ရည်တု(AI)၊ ဆီမီးကွန်ဒတ်တာ (Semiconductors)များနှင့် ဆိုက်ဘာလုံခြုံရေးများသည် အဆုံးအဖြတ်ပေးလာမည့်နည်းပညာများပင်ဖြစ်ကြောင်း၊ မဟာဗျူဟာမြောက်နည်းပညာဆိုင်ရာမိတ်ဖက်များထားရှိပြီး ဉာဏ်ရည်တု၊ ဒစ်ဂျစ်တယ်စီးပွားရေး စသည့်အရေးကြီးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

ဗဟုဝင်ရိုးကမ္ဘာကြီးတွင် မိမိတို့သည် ယခုထက်ပို၍ လိုက်လျောညီထွေပြောင်းလဲနိုင်ပြီး လက်တွေ့ကျသည့်သံတမန်ရေးရာဆက်ဆံမှုချဉ်းကပ်မှုများ လိုအပ်လာမည်ဟုလည်း သုံးသပ်ရကြောင်း၊ ပုံသေဆန်လွန်းသည့် အတွေးအခေါ်များအပေါ် အခြေခံခြင်းထက် သတ်သတ်မှတ်မှတ် အကြောင်းကိစ္စများအပေါ်အခြေခံပြီး မိမိတို့၏မိတ်ဖက်များတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ထိတွေ့ဆက်ဆံမှုများကိုပါ တစ်ဆက်တည်းတိုးမြှင့်ကြရန်လည်းလိုအပ်မည်ဖြစ်ကြောင်း။

ထပ်မံ၍ အလေးအနက်စဉ်းစားရမည့် အကြောင်းကိစ္စတစ်ခုသည် စွမ်းအင်နှင့် အရင်းအမြစ် လုံခြုံရေးပင် ဖြစ်ကြောင်း၊ စွမ်းအင်၊ ရေနှင့်ရှားပါးသတ္တုများကို ရယူသုံးစွဲနိုင်မှုသည် ရေရှည်တည်ငြိမ်ရေးအတွက် အလွန်အရေးကြီးလာကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနှင့် အခြားစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ထားရမည်ဖြစ်ကြောင်း၊ ပထဝီနိုင်ငံရေးကြောင့်ပြတ်တောက်မှုများဖြစ်ပေါ်လာမည့် အန္တရာယ်များအတွက် ကြိုတင်ဆောင်ရွက်သည့်အနေဖြင့် ရှားပါးသတ္တုများနှင့် စားရေရိက္ခာဖူလုံရေးတို့ကို လုံခြုံစိတ်ချရအောင် စီမံဆောင်ရွက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှုမြန်ဆန်လာသည့်အတွက်ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာကြောင်း၊သတင်းတု၊သတင်းမှားများ တိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားဩဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလျင်အမြန်ပြောင်းလဲနေသည့်ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာ လိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ယခုဆွေးနွေးပွဲတွင် တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ထိုင်း၊ နီပေါ၊ ဂျပန်၊ အီတလီ စသည့်နိုင်ငံများမှ အတွေ့အကြုံ ဗဟုသုတများစွာရှိသည့် ပညာရှင်ကြီးများက လာရောက်ဆွေးနွေးအကြံပြုကြမည်ဖြစ်သဖြင့် ၂၀၂၅ အလွန် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် ပုံဖော်တည်ဆောက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ပညာရှင်များ၏ဆွေးနွေးမှုများသည် မြန်မာနိုင်ငံအတွက် လမ်းညွှန်မှုများ၊ လမ်းပြမှုများနှင့်မဟာဗျူဟာများကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းကိုလည်း ပြောကြားလိုကြောင်း။

တက်ရောက်လာကြသည့် နိုင်ငံတကာက ပညာရှင်ကြီးများအနေဖြင့်လည်း ယခုဆွေးနွေးပွဲကြီးကို တက်ရောက်လာစဉ် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မျက်ဝါးထင်ထင်တွေ့မြင်ခွင့်ရကြမည်၊ သတင်းတု၊ သတင်းမှားများဖြင့် မြန်မာနိုင်ငံ၏ပုံရိပ်ကို အမျိုးမျိုးဖျက်နေကြသည့်မီဒီယာအတုများ၊ လွတ်လပ်မှုကင်းသည့် မီဒီယာများက ဖော်ဆောင်နေသည့် မြန်မာ့ပုံရိပ်နှင့် ပညာရှင်ကြီးများ ယခုကိုယ်တိုင် ထိတွေ့ မြင်တွေ့ရသည့် မြန်မာ့ပုံရိပ်သည် လွန်စွာကွာခြားမှုများ၊ ခြားနားမှုများရှိနေသည်ကို ခံစားကြရလိမ့်မည်ဟု မိမိတို့အနေဖြင့် မျှော်လင့်ပါကြောင်း။

မိမိတို့မြန်မာများသည် သင်ယူလိုစိတ်ပြင်းပြကြပြီး စစ်မှန်သည့်အကြံပြုမှုများကို လေးစားစွာနားထောင်သကဲ့သို့ စေတနာပါသည့် ဝေဖန်မှုများကိုလည်း ရိုးသားစွာ လက်ခံကြကြောင်း၊ ယခုဆွေးနွေးပွဲကြီးမှ စစ်မှန်သည့်အကြံပြုမှုများနှင့် စေတနာပါသည့်ထောက်ပြပြောဆိုမှုများကို မိမိတို့ လေ့လာခွင့်ရပြီး နိုင်ငံ့အကျိုးကို အထောက်အကူပြုလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခုဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာနကကြီးကြပ်ပြီး "မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)" အဖွဲ့ကြီးက စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် အရေးကြီးသည့် အချိန်ကာလတွင် ပြောင်းလဲနေသည့် ကမ္ဘာကြီးနှင့်လိုက်လျောညီထွေစွာဖြင့် မြန်မာနိုင်ငံကို ရှေ့သို့လှမ်းချီနိုင်ရန်အတွက် ယခုဆွေးနွေးပွဲကြီးကို အချိန်ကိုက်ကြိုးပမ်းစီစဉ်အကောင်အထည်ဖော်ပေးကြသည့်ပြန်ကြားရေးဝန်ကြီးဌာနနှင့် "မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)" အဖွဲ့ကြီးကို ဂုဏ်ယူပါကြောင်းလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

ယခုဆွေးနွေးပွဲကြီး၏ ရလဒ်များသည် မြန်မာနိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရာတွင် အားကောင်းသည့်ကောက်ကြောင်းပုံရိပ်များဖြစ်လာလိမ့်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း၊ ဆွေးနွေးပွဲကို တက်ရောက်ဆွေးနွေးကြသည့် ပြည်တွင်းပြည်ပပညာရှင်များကိုလည်း မိမိအနေဖြင့် ကျေးဇူးအထူးတင်ပါကြောင်း၊ နိုင်ငံတကာကလာရောက်ကြသည့် ပညာရှင်ကြီးများလည်း မြန်မာနိုင်ငံ၌နေထိုင်စဉ် မြန်မာနိုင်ငံ၏လှပသည့် သဘာဝရှုခင်းများနှင့် မြန်မာတို့၏နွေးထွေးသည့်ပျူငှာမှုများကို ခံစားနိုင်ကြပါစေကြောင်း၊ စိတ်ရွှင်လန်းကျန်းမာကြပါစေကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာကို ချိတ်ဆက်ပေးရင်း မြန်မာနိုင်ငံ၏ပုံရိပ်အမှန်များကို ပြန်လည်သယ်ဆောင်ကာ ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်တည်ဆောက်နိုင်ကြပါစေကြောင်းကို ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတွင် ဖြည့်စွက်ဆွေးနွေးမှုအဖြစ် ဆက်လက်ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံသည် တောင်နှင့်မြောက်ရှည်လျားသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ နိုင်ငံအတွင်း ရေချိုမြစ်ချောင်းများပေါများသည့်အပြင် အမျိုးအစားစုံလင်သည့် ရာသီဥတု၊ တောတောင်သဘာဝများ၊ သီးပင်စားပင်များ အမျိုးမျိုးသော သဘာဝသယံဇာတများပေါကြွယ်ဝပြီး ယင်းတို့သည်

စာမျက်နှာ ၁၅ သို့ ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Forum on Myanmar Beyond 2025: Challenges and Opportunities in a Multipolar World opens with an address by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing delivers address at Forum on Myanmar Beyond 2025: Challenges and Opportunities in a Multipolar World.

NAY PYI TAW March 21

Forum on Myanmar Beyond 2025: Challenges and Opportunities in a Multipolar World was organized at MICC I here this morning. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered the keynote address.

Also present were SAC Joint Secretary General Ye Win Oo, SAC members, union ministers and union level dignitaries, ambassadors of the diplomatic missions in Myanmar and officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, deputy ministers, international experts in geoeconomics and geopolitics, officials of political parties, local and foreign experts, officials of ministries, faculty members from international relations departments of military and civilian institutions of higher learning, and observers.



Senior General Min Aung Hlaing presents commemorative badge to a foreign expert.

First, foreign experts were introduced individually. Artistees from the Fine Arts Department of Ministry of Religious Affairs and Culture staged a dance number to the accompaniment of the song "Beautiful and lovely Myanmar" to mark the opening of the forum.

The Senior General and attendees watched a video clip on "A new perspective for 2025 and Myanmar."

In his keynote address, the Senior General said the forum serves as a crucial opportunity for shaping a better future of Myanmar and establishing links with the global community. Today, the world we are living in is turning towards a multipolar world, while the role of regional organizations has become more important. In other words, we are in the process of shifting from globalization to regionalization.



Senior General Min Aung Hlaing presents commemorative badge to a foreign expert.

Unlike the past state of global situation and model, in which a single power dominated the global stage, many countries and regional groups are now gathering a significant and collective force in the multipolar world as it is known. It can also be called a "New world order" as the said collective forces are releasing and spreading their power on the global stage. Multifaceted development and

See Page - 21►►

►► From Page - 21

mining technologies. This being so, it is indispensable to keep strategic technological partners to cooperate in such sectors as artificial intelligence and digital economy.

I am of the view that we ought to be more flexible and good at adaptation in the age of multipolar world to be able to conduct diplomatic relations through use of practical approaches. In building up of relations with friends, the dogmatic ideas are to be abandoned, and we must be context-oriented in our approach. And what's more, it is imperative that contact with and engagement in the global institutions be promoted.

Another sector which is worth considering seriously is the energy and resource security. Exploration and exploitation of the energy, water and the rare metals have become vitally important to sustainable stability. We must therefore make investments in renewable energy, nuclear and other energy sectors. Arrangements are to be made to ensure sufficient supply of rare metals and food security which can be disrupted by the geopolitical causes.

Concerning socio-cultural sector, the internal stability has become important as the power dynamic is shifting fast in the age of multipolar world. It is imperative to fight fake news, develop the art of propagating via media and counter efforts to exert foreign influence. With the swift changes in the global economy, we have to invest in human resources to go along with the tide to survive. I would like to point out that the work force is needed to be properly educated and trained.

This forum will involve the discussions and suggestions by the seasoned experts from China, India, Russia, Thailand, Nepal, Japan and Italy, and so, this forum will contribute a lot towards turning Myanmar into a modern, developed nation beyond 2025. You experts are expected to provide guidance, way showing and strategies for Myanmar.

And the international experts will witness the real situation while in Myanmar. I hope you will witness the true image of our country which is totally different from the distorted images through use of fake and false news and views.

Myanmar people are eager to learn. We pay attention to the suggestions and are always willing to accept the constructive criticism. And I am confident that the suggestions by the attendees will be of great benefit to our country.

This forum is supervised by the Ministry of Information and organized by the Myanmar Narrative Think Tank. It is noted that during this critical period for the nation, the forum is timely organized to align with the changing global landscape, aiming to propel Myanmar forward. The Ministry of Information and the Myanmar Narrative Think Tank are commended for their efforts in making this significant discussion possible.

It is hoped that the outcomes of this forum will serve as strong foundational images for beautifully shaping the future of Myanmar. Gratitude is extended to both local and international experts who participated in the discussions.It is also wished that international scholars visiting Myanmar can enjoy the country's beautiful natural landscapes and the warm hospitality of its people during their stay, contributing to the enhancement of Myanmar's image and the strengthening of international friendships.

Following this, the Senior General discussed the challenges and opportunities Myanmar will face in a multipolar world post-2025. He highlighted that Myanmar is a geographically elongated country with abundant freshwater resources, diverse climates, rich natural resources, and a coastline of over 1,300 miles, which are significant advantages. Myanmar's strategic location makes it a pivotal area for maritime trade.

Myanmar is surrounded by five neighbouring countries, including the populous nations of China and India, and serves as a bridge between South Asia and Southeast Asia. The combined population of Myanmar's surrounding and neighbouring countries is nearly 4 billion, representing about 50 percent of the world's population, providing a robust market for Myanmar's exports. It is crucial to effectively utilize the existing resources and realize their potential value.

Since gaining independence, the country has faced internal armed conflicts. Myanmar, with its suitable climate, vast agricultural lands, and abundant natural resources, has historically been a land where various ethnic groups—both those with moderate strength and those with less—have migrated and settled. It has been a motherland and a nation where diverse ethnicities and peoples have gathered and lived together. However, during the colonial era, the unity among the indigenous ethnic groups, which had been maintained under the divide-and-rule system of colonial administration, was shattered. Following these divisions, the colonial powers and their collaborators continued to fuel and support armed conflicts. Moreover, differences in ideology, ethnicity, and political systems were exaggerated, incited, and exploited to escalate internal armed conflicts. Although successive governments have strived to build internal peace, external encouragement, incitement, and interference have perpetuated the armed conflicts, which continue to burn like unquenchable flames to this day. Due to these events, our country, despite having numerous opportunities, has lagged in development. These challenges can be transformed into opportunities and meaningful achievements by fostering a love for our nation and its people, nurturing a Myanmar spirit, and building a united strength. Without our unity, no economic system will succeed, no political system will be able to lead firmly, and no social system will bring prosperity and peace of mind.

Our country is one that operates an economy primarily based on agriculture and livestock farming. Therefore, if we can export agricultural products such as cotton and rubber, as well as rice, beans, and other crops, it would bring significant benefits to our nation. To achieve this, the key requirement is to genuinely work towards the success of agriculture-based production industries. This means we must effectively and diligently focus on developing and advancing these sectors to ensure their success.

A prerequisite for economic development is human resources and investments. The country has a population of about 51 million and it can be seen that there are many requirements in the education sector, according to the 2014 population census. As educated human resources are required for the manufacturing industry of the country, reforms were carried out to upgrade the basic education system while advanced education systems are being enhanced. Agriculture and livestock breeding and technical high schools were opened in the entire country while plans are underway to open more polytechnic universities in six regions and states.




Senior General Min Aung Hlaing presents commemorative badge to a foreign expert.

Foreign investments can be attracted only when stability is ensured and it is necessary to give guarantees for investment businesses. Only then, will the GDP increase and the economy of the country will develop. Efforts are being made to take the path of multi-party democracy system which is appropriate for the country and aspired by the people. Appropriate measures will be taken to fulfill the wishes of national races in accordance with the law. Our country is situated between two different powerful countries. Therefore, the country is implementing an independent, active and nonaligned foreign policy. Our country is facing opportunities as well as challenges. It is necessary to overcome the challenges through various ways and means for the development of the country. In conclusion, I would like to seriously urge Myanmar citizens **to increase the value of Myanmar for a beautiful future of the country.**

Then, the Senior General presented commemorative medals to foreign scholars who will participate in the discussions.

Then, artists from the Ministry of Religious Affairs and Culture entertained the audience with music and dances titled "May you have happiness and peace of mind."

After the opening ceremony, the Senior General posed for documentary photographs with the attendees and viewed documentary photographs on display.

During the forum, geoeconomic an geopolitic experts from China, Russia, India, Japan, Thailand, Italy and Nepal and local experts will hold discussions under the three topics: **"Myanmar and Asia's Role in Changing Multipolar World", "Geoeconomic Challenges and Opportunities of Myanmar in the Multipolar World Beyond 2025"** and **"Geopolitical Challenges and Promising Opportunities of Myanmar in the Multipolar World Beyond 2025"**

The forum aims to raise international awareness about the current situation of the country together with political changes, fostering collaboration towards Myanmar with understanding and empathy, counter the baseless accusations to promote the country's image, understand the challenges and opportunities emerging in the changing global landscape in 2025, specifically in a multipolar world, and identify ways to prepare in advance.

100

# Trump orders dismantling of Department of Education

WASHINGTON March 21

US President Donald Trump has signed an executive order aimed at dismantling the Department of Education, which he has accused of squandering taxpayer dollars and promoting "progressive social experiments."

Set up in 1979, the department is tasked with overseeing education, issuing grants and student aid, as well as enforcing anti-discrimination policies at federally funded schools. Trump has long argued that it has become wasteful and politicized.

On Thursday, the president instructed Secretary of Education Linda McMahon to "take all necessary steps to facilitate the closure of the Department of Education and return education authority to the States and local communities."

According to the order, doing away with the department "would provide children and their families the opportunity to escape a system that is failing them."

"Mathematics and reading scores are down in public schools, despite per-pupil spending having increased by more than 245 percent since the 1970s, indicating that more spending does not mean better educat-ion," the White House said. It added that the taxpayer money would no longer be spent "on progressive social experiments and obsolete programs."

White House spokeswoman Karoline Leavitt said that the department "will be much smaller than it is today" and will continue to administer student loans and federal Pell Grants.

The order is part of a wider campaign to cut "wasteful spending" and bureaucracy led by Elon Musk's 'Department of Government Efficiency' (DOGE).

The Department of Education had around 4,200 employees as of last September, according to Time magazine. McMahon announced earlier this month that the department would be cutting nearly 50 percent of its workforce.

**RT**

# Heathrow Airport in London closed due to power outage from near by fire



LONDON March 21

London's Heathrow Airport remains closed until midnight Friday due to a "significant power outage" caused by a fire at a nearby electricity substation, a spokesperson said.

The outage has affected the entire airport, with no clear timeline for power restoration. "To maintain the safety of our passengers and colleagues, we have no choice but to close Heathrow until 23:59 GMT on March 21," the spokesperson added.

Passengers are advised not to travel to the airport until further notice. Over 1,300 flights, including 120 already airborne, are affected, according to Sky News, citing Flightradar24, a live flight-tracking website. Some planes have been diverted to other airports, including London Gatwick Airport, those in Paris and Shannon Airport in Ireland.

British Airways, Heathrow's largest carrier, urged customers not to go to the airport until further notice and said it is working to update them on travel options.

London Heathrow, one of the world's busiest airports, handled a record 83.9 million passengers last year.

The fire that broke out in Hayes, north of the airport has also left around 16,000 nearby homes without power. The cause remains unknown, but the National Grid is working to restore electricity as quickly as possible. **Xinhua**

# European nations plan to replace US in NATO by 2035 – FT

WASHINGTON March 21

Europe's NATO members are drawing up a plan to gradually replace the US as their key defence guarantor over the next five to ten years, the Financial Times reported on Thursday, citing sources.

The UK, France, Germany, and the Nordic nations are in talks about a potential proposal that would relocate the bloc's financial burden back to Europe, four unnamed officials told the Financial Times.

The plan's backers aim to present it to the US before NATO's annual summit in The Hague this June, according to the report.

European NATO members fear that the US, under President Donald Trump, could renege on its defence commitments or leave the bloc altogether. While the talks are reportedly being framed as offering a managed, long-term transition, European officials have admitted to the FT that the timeline of five to ten years seems extremely ambitious.

"Increasing spending is the only play that we have: burden sharing and shifting the dial away from US reliance," one official told the FT. "We're starting those talks, but it's such a big task that many are overwhelmed by the scale of it."

According to the paper, the plan could include increased defense spending and ramping up military capabilities, which could convince Trump to agree to a gradual transfer of responsibilities, rather than a sudden exit.

Some European countries are said to be reluctant to support the talks at all, fearing they could encourage a rapid US exit. Others doubt Washington would agree to a structured transfer of responsibilities, given the "unpredictable nature" of the Trump administration.

Trump has demanded that NATO members raise defense spending to 5 percent of GDP – more than double the alliance's 2 percent target. US Secretary of Defence Pete Hegseth has said that the country "will no longer tolerate an imbalanced relationship" with its allies, stressing that Washington "will prioritize empowering Europe to own responsibility for its own security."

Earlier this month, European Commission President Ursula von der Leyen urged the EU to create a "defence union." The EU has also backed a plan known as ReArm Europe to mobilize up to € 800 billion (US$-875 billion) in debt and tax breaks for the bloc's military industrial complex.

Moscow has sharply criticized the EU's plans to boost military spending, with Kremlin spokesman Dmitry Peskov calling the buildup "a matter of deep concern." He has insisted that the measures "are primarily aimed at Russia" and threaten to undermine peace efforts with Ukraine. **RT**

# Sri Lankan air force training aircraft crashes, pilots safe



COLOMBO March 21

A Sri Lanka Air Force (SLAF) training aircraft crashed in Wariyapola, located in the North Western Province, on Friday morning, with both pilots ejecting safely, according to a spokesperson.

Air Force spokesperson Eranda Geeganage said the aircraft was on a training mission after taking off from the SLAF academy in eastern Sri Lanka.

Geeganage said both pilots ejected safely, sustaining only minor injuries, and they were admitted to a regional hospital for treatment.

An investigation into the crash is currently underway.

SLAF operates an aging fleet, and earlier this month, President Anura Kumara Dissanayake told parliament that plans are in place to modernize the fleet in the coming years.

**Xinhua**





Senior General Min Aung Hlaing attends Forum on Myanmar Beyond 2025: Challenges and Opportunities in a Multipolar World.

►► From Page - 18

success of countries like China, India and Russia and the European Union are challenging the domination of traditionally powerful nations of the past.

The spread of power and influence towards a number of countries has balanced the global power, and the global dominance is no longer unipolar. It is common knowledge that no country in this world can create a global result of its own. Nowadays, international problems are being solved through the enlarging groups of multiple countries. On the other hand, countries with power are vying for global dominance rather than solving the problems.

Changing from the situation in which dominance is only in the hands of a single superpower to the involvement of major players in the new world order with competition and cooperation is a delicate trend that promotes equality, integration, peace and stability. As for the countries, they need strategies and preparations to follow the major transformation process beneficially and in fitting manner.



Senior General Min Aung Hlaing views documentary photos.

In the first place, the strategic autonomy is needed. It is essential for the nations to avoid depending too much upon an individual super power, extending the relations with the friend nations. Then only, decision making will be flexible and the unnecessary pressures can be resisted with the synergic forces of the friends. The term friends refer not only to the nations but also to the regional blocs.

In extending relation with the friends, it is essential to formulate the arrangements that will develop in a sustainable manner. The ties shall be further strengthened in economic, security and technological fields. Concerning the economic relations in particular, we are all needed to adapt ourselves to suit the changing situations in the new world order.

Plus, we must reduce overdependence on one market only. It is necessary to extend the trade relations to diversified regions. To be able to mitigate the losses that can arise from the global disruption, the regional economic integration is indispensable. Participation is imperative to strengthen the regional supply chains. To ensure the safety of the national interests, emphasis is to be laid upon investments in such major sectors as food, energy and technology.

And what is more, the technology and the digital sovereignty are also the two sectors which are worth investing in. The technology has become a fundamental sector in the competition of the multi-polar world order. Such particular technologies as Artificial Intelligence [AI], semiconductors and the cyber security are the deter-



Senior General Min Aung Hlaing presents commemorative badge to a foreign expert.

See Page - 19►►

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

နေပြည်တော် မတ် ၂၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် ပဉ္စမနေ့အဖြစ် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိအခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲ ဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ရူပဗေဒဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ၁၂ ခု နှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာန စုစုပေါင်း ၈၁၃ ခု ဖွင့်လှစ် ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး ရူပဗေဒဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၃၃ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၉၀ ရာခိုင်နှုန်းရှိကြောင်းနှင့် သမိုင်းဘာသာရပ်အား နိုင်ငံခြားစာစစ်ဌာန ၁ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာန စုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၀ ဦးရှိပြီး သမိုင်းဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၅ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၅၁ ရာခိုင်နှုန်းရှိကြောင်းတို့ကို ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုနှင့်ပတ်သက်၍ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်နေသည့် ဆရာမတစ်ဦးရဲ့ စကားသံများကို အခုလို ကြားသိရပါတယ်-

"ကလေးတွေအတွက်ကတော့ ကျွန်မတို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်တကွ ဌာနဆိုင်ရာ အသီးသီးမှာရှိတဲ့ လုံခြုံရေးတပ်ဖွဲ့တွေကလည်း အေးချမ်းစွာဖြေဆိုဖို့ရန်အတွက်ကို ပူးပေါင်းပါဝင်စောင့်ရှောက်ပေးထားပါတယ်။ ကျန်းမာရေးဆေးပေးခန်းလည်း ရှိပါတယ်။ ကြက်ခြေနီအဖွဲ့တွေကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးထားပါတယ်။ လာရောက်ဖြေဆိုကြတဲ့ ကျောင်းသား၊ ကျောင်းသူအားလုံး အောင်အောင်မြင်မြင် ချောချောမွေ့မွေ့နဲ့ ဖြစ်ပြီးတော့ နိုင်ငံတော်ကအားထားရတဲ့ သားကောင်းရတနာ/သမီးကောင်းရတနာများဖြစ်လာစေဖို့ရန်အတွက် ဆုတောင်းပေးပါတယ်"ဟု ပြောသည်။

"ဇမ္ဗူသီရိမြို့နယ်မှာ စာဖြေသူကျောင်းသားဦးရေက မနှစ်ကထက် တစ်စပိုပြီးတော့တက်လာပါတယ်။ မနှစ်က ၈၆၄ ဦးရှိတဲ့အနက် ဒီနှစ်မှာ ၁၅၃၁ ဦးရှိပါတယ်။ ဆရာကြီးတို့အနေနဲ့ကတော့ ဒီကလေးတွေရဲ့ ပညာရေးနှင့် ပတ်သက်ပြီးတော့ နိုင်ငံရဲ့ဒီပညာရေးစနစ်ဟာ အဆင့်အတန်းမြင့်ပြီးတော့ စနစ်သစ်ပညာရေးကိုဆောင်ရွက်နေတာဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ဒီ Grade-12 တက္ကသိုလ်ဝင်တန်း စာမေးပွဲအနေနဲ့ကလည်းပဲ ယခင်နှစ် ၂၀၂၄ ခုနှစ်က စပြီးတော့ ဒါ ဒုတိယနှစ်အနေနဲ့ ကျင်းပတာဖြစ်တဲ့အတွက် ကလေးတွေအတွက်ကလည်းပဲ ဘာမှအခက်အခဲမရှိပါဘူး။ ဆရာကြီးတို့ မြို့နယ်အနေနဲ့ ဖြေဆိုမှုအပိုင်းတွေ အနေနဲ့ကလည်းပဲ စာစစ်ဌာန ၆ ခုလုံး အေးအေးချမ်းချမ်းနဲ့ ဖြေဆိုကြတာတွေ့ပါတယ်။ Grade-12 တက္ကသိုလ်ဝင်တန်း ဖြေဆိုတဲ့ ကျောင်းသား၊ ကျောင်းသူများ အနေနဲ့လည်းပဲ မနက်ဖြန် တစ်ရက်ပဲကျန်တော့တာဖြစ်တဲ့အတွက် ကျန်းမာရေး အထူးဂရုစိုက်ပြီးတော့ မိမိတို့ရဲ့ရည်မှန်းထားတဲ့ ပန်းတိုင်ကို အရောက်လှမ်းနိုင်ဖို့ ဆရာကြီးအနေနဲ့ ဆုတောင်းမေတ္တာပို့ရင်း နိဂုံးချုပ်အပ်ပါတယ်"ဟု ပြောသည်။

(၁၀၀)


ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။


ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကိုတွေ့ရစဉ်။


ရွှေကူမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနေမှုကို တွေ့ရစဉ်။


တောင်ကြီးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။


သရက်ချောင်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။


ပြင်ဦးလွင်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။






# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့၏(၂၂)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

နေပြည်တော်  မတ် ၂၁

မလေးရှားနိုင်ငံ ပီနန်းမြို့တွင် ၂၀၂၅ ခုနှစ် မတ်လ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန်မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက်အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့်မလေးရှားနိုင်ငံနှင့်အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင်ဖိလစ်ပိုင်နိုင်ငံ၏အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ တီမောလက်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးနှင့် အပြီးသတ်ဆောင်ရွက်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ကွာလာလမ်ပူကြေညာချက်စာတမ်းအား တတိယအကြိမ် ညှိနှိုင်းဆွေးနွေးမှုပြီးစီးခဲ့ပြီး မူကြမ်းကို အတည်ပြုနိုင်ခဲ့ကြပြီး အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း မဟာဗျူဟာစီမံချက်ပါ မဟာဗျူဟာမြောက်မျှော်မှန်းချက်များကို အပြီးသတ် အတည်ပြုနိုင်ခဲ့ကာ မဟာဗျူဟာလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေးယန္တရား၊ ဆက်သွယ်ရေးအစီအစဉ်နှင့် ၂၀၂၅ ခုနှစ် မေလတွင်ကျင်းပမည့် အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (ACC) သို့တင်သွင်းမည့် အစီရင်ခံစာကို အပြီးသတ်ဆွေးနွေးအတည်ပြုခဲ့ကြသည်။ ထို့ပြင် အာဆီယံအသိုက်အဝန်း ၂၀၄၅ အတွက် စာအုပ်ခေါင်းစဉ်အား ASEAN 2045: Our Shared Future ဟူသည့် ခေါင်းစဉ်ကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေး၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးနှင့် စာအုပ်ထုတ်ဝေရေးတို့အတွက် သတ်မှတ်ထားသောအချိန်အတွင်း အပြီးသတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# PDF အမည်ခံအကြမ်းဖက်သမားများက ခင်ဦးမြို့နယ်၊ ပျဉ်ထောင်ကျေးရွာရှိ ဒေသခံပြည်သူအမျိုးသမီးတစ်ဦးအား လက်နက်ငယ်ဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်





PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူတစ်ဦးအား လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သည့်နေရာပြပုံ။

**နေပြည်တော်  မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ပျဉ်ထောင်ကျေးရွာမှ ဒေသခံပြည်သူအမျိုးသမီးတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက မတ်လ ၂၀ ရက်တွင် လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ခင်ဦးမြို့နယ်၊ ပျဉ်ထောင်ကျေးရွာနေ ဒေါ်ခင်ညွန့် ၆၆ နှစ်(ဘ) ဦးဘိုးမော်သည် မတ်လ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်တွင် ကျေးရွာ၏အနောက်ဘက်ရှိ ပဲစိုက်ခင်း၌ ရိုးသားစွာအလုပ်လုပ်ကိုင်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဒေါ်ခင်ညွန့်အား ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ထောက်ခံအားပေးမှုမရှိသော အကြောင်းပြချက်ဖြင့် လက်နက်ငယ်ဖြင့်ပစ်ခတ်ခဲ့သောကြောင့် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် မြို့၊ ရွာများအတွင်းဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်း မရှိသော ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် သံဃာတော်များကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ လူသားမဆန်စွာ လုပ်ကြံ၊ သတ်ဖြတ်မှုများကို မကြာခဏ လုပ်ဆောင်လျက်ရှိပြီး ထိုသို့လုပ်ဆောင်နေသည့် အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်တုံ့ပြန်မှုများဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအားမသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအားဖော်ထုတ်အရေးယူ

**နေပြည်တော်  မတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Nay Mg Mg Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်နေ မောင်မောင်ထွန်း(ခ)နေမောင်မောင်ထွန်းအား ည ၇ နာရီခွဲတွင် မြဝတီမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၃၃ ဦးနှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၅ ဦးရှိ

နေပြည်တော် မတ် ၂၁

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြား စာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရူပဗေဒဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၃၃ ဦးနှင့် သမိုင်းဘာသာရပ် လာရောက် ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၅ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရူပဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာန စုစုပေါင်း ၈၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၃၃ ဦး၊ ပျက်ကွက်သူ ၉၉၇၀ ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၉၀ ရာခိုင်နှုန်း၊ သမိုင်းဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာန စုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန်စာရင်း ပေးသွင်းသူဦးရေ စုစုပေါင်း ၂၅၂၄၀ ဦးရှိပြီး လာရောက် ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၅ ဦး၊ ပျက်ကွက် ၂၃၉၅ ဦး ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၅၁ ရာခိုင်နှုန်းရှိ ကြောင်း ပညာရေးဝန်ကြီးဌာနမှသိရသည်။(**သတင်းစဉ်**)

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ရူပဗေဒ

နေ့စွဲ - ၂၁.၃.၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၂၂၃ | ၅၀၆၆ | ၈၂၈၉ | ၂၇၅၁ | ၄၄၄၄ | ၇၁၉၅ | ၄၇၂ | ၆၂၂ | ၁၀၉၄ | ၈၆.၈၀% | ၁၃.၂၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၂၅ | ၇၀ | ၉၅ | ၂၃ | ၆၇ | ၉၀ | ၂ | ၃ | ၅ | ၉၄.၇၄% | ၅.၂၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၀၉၈ | ၂၂၁၉ | ၃၃၁၇ | ၁၀၀၄ | ၂၁၃၃ | ၃၁၃၇ | ၉၄ | ၈၆ | ၁၈၀ | ၉၄.၅၇% | ၅.၄၃% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၁၅၄ | ၂၅၁ | ၄၀၅ | ၁၂၁ | ၂၀၁ | ၃၂၂ | ၃၃ | ၅၀ | ၈၃ | ၇၉.၅၁% | ၂၀.၄၉% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၃၁၈၃ | ၄၆၀၁ | ၇၇၈၄ | ၂၉၇၅ | ၄၄၈၄ | ၇၄၅၉ | ၂၀၈ | ၁၁၇ | ၃၂၅ | ၉၅.၈၂% | ၄.၁၈% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၆၃၁ | ၂၉၂၀ | ၄၅၅၁ | ၁၅၃၅ | ၂၈၁၇ | ၄၃၅၂ | ၉၆ | ၁၀၃ | ၁၉၉ | ၉၅.၆၃% | ၄.၃၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၄၉၇၂ | ၇၄၂၆ | ၁၂၃၉၈ | ၄၆၅၃ | ၇၁၈၆ | ၁၁၈၃၉ | ၃၁၉ | ၂၄၀ | ၅၅၉ | ၉၅.၄၉% | ၄.၅၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၀၁၆ | ၅၂၈၅ | ၉၃၀၁ | ၃၇၆၉ | ၅၁၁၅ | ၈၈၈၄ | ၂၄၇ | ၁၇၀ | ၄၁၇ | ၉၅.၅၂% | ၄.၄၈% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၉ | ၇၁၈၉ | ၁၀၀၂၉ | ၁၇၂၁၈ | ၆၇၇၃ | ၉၇၆၇ | ၁၆၅၄၀ | ၄၁၆ | ၂၆၂ | ၆၇၈ | ၉၆.၀၆% | ၃.၉၄% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၄၈၇၁ | ၁၉၄၂၃ | ၃၄၂၉၄ | ၁၄၁၃၇ | ၁၉၀၀၂ | ၃၃၁၃၉ | ၇၃၄ | ၄၂၁ | ၁၁၅၅ | ၉၆.၆၆% | ၃.၃၄% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၀၀၉ | ၅၈၆၈ | ၈၈၇၇ | ၂၈၇၀ | ၅၆၇၃ | ၈၅၄၃ | ၁၃၉ | ၁၉၅ | ၃၃၄ | ၉၆.၂၄% | ၃.၇၆% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၇ | ၁၁၈၁ | ၁၅၂၂ | ၂၇၀၃ | ၆၂၆ | ၆၈၅ | ၁၃၁၁ | ၅၅၅ | ၈၃၇ | ၁၃၉၂ | ၄၈.၅၀% | ၅၁.၅၀% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၀ | ၁၇၀၁၄ | ၂၀၇၇၂ | ၃၇၇၈၆ | ၁၅၉၇၄ | ၂၀၀၀၂ | ၃၅၉၇၆ | ၁၀၄၀ | ၇၇၀ | ၁၈၁၀ | ၉၅.၂၁% | ၄.၇၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၅၃၄ | ၇၅၇၃ | ၁၂၁၀၇ | ၄၃၄၇ | ၇၄၀၈ | ၁၁၇၅၅ | ၁၈၇ | ၁၆၅ | ၃၅၂ | ၉၇.၀၉% | ၂.၉၁% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၆၆ | ၄၀၉ | ၆၇၅ | ၂၄၈ | ၃၉၈ | ၆၄၆ | ၁၈ | ၁၁ | ၂၉ | ၉၅.၇၀% | ၄.၃၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၃၅ | ၁၀၁၉ | ၁၆၅၄ | ၆၁၅ | ၁၀၀၀ | ၁၆၁၅ | ၂၀ | ၁၉ | ၃၉ | ၉၇.၆၄% | ၂.၃၆% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၄ | ၉၃၂၈ | ၁၂၈၆၄ | ၂၂၁၉၂ | ၈၇၅၅ | ၁၂၄၂၄ | ၂၁၁၇၉ | ၅၇၃ | ၄၄၀ | ၁၀၁၃ | ၉၅.၄၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၁၈၉ | ၆၇၄၉ | ၁၁၉၃၈ | ၄၉၇၆ | ၆၆၄၆ | ၁၁၆၂၂ | ၂၁၃ | ၁၀၃ | ၃၁၆ | ၉၇.၃၅% | ၂.၆၅% | |
| ၁၉ | နိုင်ငံခြား | | | ၁၂ | ၁၁ | ၈ | ၁၉ | ၁၁ | ၈ | ၁၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၃ | ၈၁၅၂၉ | ၁၁၄၀၇၄ | ၁၉၅၆၀၃ | ၇၆၁၆၃ | ၁၀၉၄၇၀ | ၁၈၅၆၃၃ | ၅၃၆၆ | ၄၆၀၄ | ၉၉၇၀ | ၉၄.၉၀% | ၅.၁၀% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- သမိုင်း

နေ့စွဲ - ၂၁.၃.၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၆၇၂ | ၁၀၀၂ | ၁၆၇၄ | ၅၈၅ | ၉၁၈ | ၁၅၀၃ | ၈၇ | ၈၄ | ၁၇၁ | ၈၉.၂၅% | ၁၀.၇၅% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉ | ၂၇ | ၄၆ | ၁၉ | ၂၃ | ၄၂ | ၀ | ၄ | ၄ | ၉၁.၃၀% | ၈.၇၀% | |
| ၃ | ကရင် | ၆ | ၆ | ၁၁ | ၇၈ | ၁၄၉ | ၂၂၇ | ၇၂ | ၁၃၈ | ၂၁၀ | ၆ | ၁၁ | ၁၇ | ၉၂.၅၁% | ၇.၄၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၅၄ | ၉၇ | ၁၅၁ | ၂၇ | ၅၉ | ၈၆ | ၂၇ | ၃၈ | ၆၅ | ၅၆.၉၅% | ၄၃.၀၅% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၄ | ၉၄၈ | ၁၅၇၃ | ၂၅၂၁ | ၈၆၇ | ၁၅၃၆ | ၂၄၀၃ | ၈၁ | ၃၇ | ၁၁၈ | ၉၅.၃၂% | ၄.၆၈% | |
| ၆ | တနင်္သာရီ | ၃ | ၆ | ၁၂ | ၉၇ | ၁၀၉ | ၂၀၆ | ၈၆ | ၁၀၃ | ၁၈၉ | ၁၁ | ၆ | ၁၇ | ၉၁.၇၅% | ၈.၂၅% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၁ | ၂၂၃ | ၃၆၄ | ၅၈၇ | ၂၀၇ | ၃၃၈ | ၅၄၅ | ၁၆ | ၂၆ | ၄၂ | ၉၂.၈၄% | ၇.၁၆% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၃၂ | ၃၈၆ | ၄၈၅ | ၈၇၁ | ၃၃၁ | ၄၄၉ | ၇၈၀ | ၅၅ | ၃၆ | ၉၁ | ၈၉.၅၅% | ၁၀.၄၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၄ | ၆၇၂ | ၇၁၀ | ၁၃၈၂ | ၆၁၃ | ၆၈၀ | ၁၂၉၃ | ၅၉ | ၃၀ | ၈၉ | ၉၃.၅၆% | ၆.၄၄% | |
| ၁၀ | မန္တလေး | ၁၀ | ၂၃ | ၆၂ | ၆၀၂ | ၆၀၄ | ၁၂၀၆ | ၅၃၁ | ၅၆၂ | ၁၀၉၃ | ၇၁ | ၄၂ | ၁၁၃ | ၉၀.၆၃% | ၉.၃၇% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၈ | ၁၅၇ | ၃၁၆ | ၄၇၃ | ၁၃၄ | ၂၉၃ | ၄၂၇ | ၂၃ | ၂၃ | ၄၆ | ၉၀.၂၇% | ၉.၇၃% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၅ | ၂၃၆ | ၃၂၅ | ၅၆၁ | ၁၁၃ | ၁၃၆ | ၂၄၉ | ၁၂၃ | ၁၈၉ | ၃၁၂ | ၄၄.၃၉% | ၅၅.၆၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၄ | ၈၀ | ၇၈၄ | ၆၉၃ | ၁၄၇၇ | ၇၀၁ | ၆၂၉ | ၁၃၃၀ | ၈၃ | ၆၄ | ၁၄၇ | ၉၀.၀၅% | ၉.၉၅% | |
| ၁၄ | ရှမ်း(တောင်) | ၇ | ၁၃ | ၄၀ | ၃၀၈ | ၃၆၃ | ၆၇၁ | ၂၈၈ | ၃၅၀ | ၆၃၈ | ၂၀ | ၁၃ | ၃၃ | ၉၅.၀၈% | ၄.၉၂% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၂ | ၂ | ၇ | ၇ | ၁၄ | ၆ | ၆ | ၁၂ | ၁ | ၁ | ၂ | ၈၅.၇၁% | ၁၄.၂၉% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၇ | ၈ | ၄၃ | ၄၈ | ၉၁ | ၃၆ | ၄၄ | ၈၀ | ၇ | ၄ | ၁၁ | ၈၇.၉၁% | ၁၂.၀၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၃ | ၅၅၄၈ | ၆၅၃၅ | ၁၂၀၈၃ | ၄၉၀၀ | ၆၁၅၄ | ၁၁၀၅၄ | ၆၄၈ | ၃၈၁ | ၁၀၂၉ | ၉၁.၄၈% | ၈.၅၂% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | ၅၄၁ | ၄၄၇ | ၉၈၈ | ၄၉၂ | ၄၁၈ | ၉၁၀ | ၄၉ | ၂၉ | ၇၈ | ၉၂.၁၁% | ၇.၈၉% | |
| ၁၉ | နိုင်ငံခြား | | | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၁ | ၂၃၄ | ၆၇၄ | ၁၁၃၇၅ | ၁၃၈၆၅ | ၂၅၂၄၀ | ၁၀၀၀၈ | ၁၂၈၃၇ | ၂၂၈၄၅ | ၁၃၆၇ | ၁၀၂၈ | ၂၃၉၅ | ၉၀.၅၁% | ၉.၄၉% | |

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၁**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နှင့် ကလေးမြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျောက်ကြီးမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် ကလေးမြို့နယ်တို့ရှိ ကျေးရွာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခြင်းကြောင့် ပြည်သူ(၂)ဦး ဒဏ်ရာရရှိပြီး နေအိမ်များပျက်စီးခဲ့ကြောင်း သတင်းတု၊သတင်းမှားများရေးသားလျက်ရှိ

**နေပြည်တော် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့်ပြည်သူ(၂)ဦး ဒဏ်ရာရရှိပြီး နေအိမ်များပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍သက်ဆိုင်ရာမြို့နယ်များမှ လုံခြုံရေးတာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းခဲ့ရာ အဆိုပါမြို့နယ်များအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများမှ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် ကျေးရွာများရှိ နေအိမ်များပျက်စီးခြင်း၊ ဒေသခံပြည်သူများထိခိုက်ဒဏ်ရာရရှိခြင်းများရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာ/ရပ်ကွက်များအား ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးမှုအရ အကြမ်းဖက်သမားများ အမှန်တကယ်နေထိုင်ကြောင်း စိစစ်အတည်ပြုပြီးမှသာ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်




လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ထိုင်းနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|---|
| ၁ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ထိုင်းနိုင်ငံ၏အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်၏တရားဝင်ကိုယ်စားလှယ်(ဘတ်ငါးသန်းအေဂျင်စီ)မှ အလုပ်သမားလိုအပ်ချက်ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့်ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်)ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ပေးပို့ခြင်းနှင့် အလုပ်သမားသံအရာရှိရုံး(ဗန်ကောက်မြို့)ထံသို့လည်း သတ်မှတ်စာရွက်စာတမ်းအပြည့်အစုံမိတ္တူတစ်စုံပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီသည် Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်းတင်ပြခြင်း-<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၅၀ ဦးထက်မပိုစေရန်၊<br>(ခ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊<br>(ဂ) Demand Letter တင်ပြရာတွင် dolmigrationthaidemand@gmail.com သို့တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်းမပြုရန်)၊ | ထိုင်းအလုပ်ရှင် သို့မဟုတ် ဘတ်ငါးသန်း အေဂျင်စီ<br><br>မြန်မာအေဂျင်စီ |
| ၂ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိစိစစ်ရန် အလုပ်သမားသံအရာရှိရုံး(ဗန်ကောက်မြို့)သို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ လုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်းပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာမြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်းအကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄ | မြန်မာအေဂျင်စီမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏အကြောင်းကြားစာရရှိပါက မြန်မာအေဂျင်စီသည် အလုပ်သမားစတင်စုဆောင်း၍ စာချုပ်ချုပ်ဆိုခွင့်အား အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း-<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ ထိုင်းအလုပ်ရှင်၏ဝန်ခံကတိ၊ အလုပ်သမားလာရောက်ခေါ်ယူမည့် ထိုင်းအလုပ်ရှင်၏ကိုယ်စားလှယ်လွှဲစာ၊ အလုပ်သမားများ၏ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Softcopy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationthaicontract@gmail.com သို့တင်ပြရန်၊<br>(ခ) အလုပ်ခေါ်စာတစ်စောင်လျှင် လူဦးရေ ၅၀ ဦးထက်မပိုစေရန်နှင့် တစ်လလျှင်တစ်ကြိမ်သာတင်ပြရန်၊<br>(ဂ) စာချုပ်ချုပ်ဆိုလိုသည့်ရက်မတိုင်မီ ရက်သတ္တတစ်ပတ်ကြိုတင်၍ တင်ပြရန်။ | မြန်မာအေဂျင်စီ |
| ၅ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီများမှတင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှစိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စာချုပ်ချုပ်ဆိုခွင့်အား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ပေးသည့်နေ့ရက်တွင် အမှတ်(၂၇)၊ အာနန္ဒာဘုရားလမ်းနှင့် မေဃဝတီကျောင်းလမ်းထောင့်၊ ဘဝမြင့်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၇ | မြန်မာအေဂျင်စီမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်းတက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့်(တစ်ရက်သာ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>(ခ) အလုပ်သမားသံအရာရှိရုံးမှ ထိုင်းအလုပ်အကိုင်ဌာနသို့ပေးပို့သည့်စာနှင့် ထိုင်းအလုပ်အကိုင်ဌာနမှအတည်ပြုသည့်စာ၊<br>(ဂ) အလုပ်သမားသံအရာရှိရုံးမှ အလုပ်သမားများ ထိုင်းနိုင်ငံသို့ဝင်ရောက်နိုင်ရေးအတွက် ရန်ကုန်-ဒွန်မောင်းလမ်းကြောင်း သို့မဟုတ် မြဝတီ-မဲဆောက်နှင့် ကော့သောင်း-ရနောင်းလမ်းကြောင်းတို့မှ ဝင်ရောက်ရန်အတွက် အကြောင်းကြားစာ၊<br>(ဃ) စာချုပ်အဖွဲ့၊ အလုပ်သမားသံအရာရှိနှင့် ထိုင်းအလုပ်အကိုင်ဌာနတို့၏ တံဆိပ်တုံး(၃)တုံးပါရှိသည့် အလုပ်သမားများ၏အမည်စာရင်း၊ အလုပ်ခေါ်စာမိတ္တူ၊ | မြန်မာအေဂျင်စီ |
| ၈ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မှတ်ပုံတင်စာရင်းရေးသွင်းထားသည့်အေဂျင်စီများကို ဦးစားပေးအစီအစဉ်အလိုက် သင်တန်းတက်ရမည့်နေ့ရက်သတ်မှတ်ခြင်း၊ သင်တန်းကျောင်းတာဝန်ခံနှင့်သက်ဆိုင်ရာအေဂျင်စီထံသို့အကြောင်းကြားခြင်း၊<br>- သင်တန်းတက်ရောက်ပြီးသူများအား OWIC ပြုလုပ်ခွင့်ပြုကြောင်း OWIC ထုတ်ပေးရေးစခန်းတာဝန်ခံ၊ သက်ဆိုင်ရာအေဂျင်စီများထံသို့ အကြောင်းကြားခြင်းနှင့် OWIC ကတ်ထုတ်ပေးခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၉ | မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့်အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅)မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း) ဖော်ပြပြီး စေလွှတ်မည့်အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ Excel soft copy ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationthaisending@gmail.com သို့တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၀ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှထွက်ခွာမည့်ရက် ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့်အချိန်တွင် ဗီဇာလျှောက်ထားခြင်းနှင့် လေယာဉ်လက်မှတ်ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationthaisending@gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၁ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်/ရေဆိပ်/ နယ်စပ် အလုပ်သမားရုံးခွဲများသို့ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်/ ရွှေ့ပြောင်းအလုပ်သမားရုံး(နယ်စပ်စခန်းများ)ရှိ စခန်းတာဝန်ခံများထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့်နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေးတင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br><br>မြန်မာအေဂျင်စီ |
| ၁၂ | ပြည်ပသို့စေလွှတ်ပြီးစီးမှုသတင်းပို့ခြင်း | - မြန်မာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသောဇယားပုံစံအတိုင်းစာရင်းပြုစု၍ Excel Soft Copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၃ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - မြန်မာအေဂျင်စီများမှ ပြည်ပသို့စေလွှတ်ခဲ့သည့်အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့်အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationthaisending@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | မြန်မာအေဂျင်စီ |

**မှတ်ချက်။**
(၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ စာချုပ်ချုပ်ဆိုထားသော မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၅၀ ဦးထက်ပိုသော Demand Letter များကို ၅၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။

(၂) ထိုင်းနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။

(၃) ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ မလေးရှားနှင့် အခြားနိုင်ငံများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဖော်ပြသွားပါမည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘို-မြစ်ကြီးနား အဆင့်မြင့် (AC)ကတ္တရာကွန်ကရစ်လမ်းသစ်နှင့် မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စု၊ နယ်မြေ (၆) ကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် မတ် ၂၁

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘို-မြစ်ကြီးနားလမ်းအဆင့်မြှင့်(AC)ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စု၊ နယ်မြေ(၆) ကျေးရွာအဝင်ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လမ်းဦးစီးဌာနနှင့် ပြည်နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လမ်းသစ်များတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများက ကျေးဇူးတင်စကားများပြန်လည်ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းသစ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကူးကာ လမ်းသစ်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၁

၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၌ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်း စုစုပေါင်း ၉၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်တို့က စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°c | / | ၃၇°c |
| ရန်ကုန် | ၂၃°c | / | ၃၇°c |
| မန္တလေး | ၂၈°c | / | ၄၀°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲကျင်းပပြုလုပ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အလှူငွေပေးအပ်လှူဒါန်းရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

နေပြည်တော် မတ် ၂၁

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀၀ အား ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက်အလှူရှင်များကဆက်လက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ တိုင်းမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

## နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝေါ်ခုတ်ကွက်သစ်၊ မြို့ပတ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်လှစ်

နေပြည်တော် မတ် ၂၁

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ဝေါ်ခုတ်ကွက်သစ်၊ မြို့ပတ်လမ်းကျောက်ချော လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ/မြို့ဖများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး နောင်တုံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဝေါ်ခုတ်ကွက်သစ်တွင် အရှည် ၄၆၃၀ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိမြို့ပတ်လမ်းကျောက်ချောလမ်း ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိ/မြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့ပတ်လမ်းကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက မြို့ပတ်လမ်းကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
မြိုင်ကလေး နှင့်
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊
Blue Diamond နှင့် **မြင်းပျံ**
အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

အင်္ဂလန်နိုင်ငံ International Brewing Awards၊ သြစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

## 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**မြဝတီဘဏ်လီမိတက်**
**MYAWADDY BANK LIMITED**

## Internet & Mobile Banking Services

- Account Transfer
- Mobile Topup ( Phone Bill )
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment






24 ~ (01) 2301421, 2317166

" မှန်သည် မြန်သည် မြဝတီ "

Phone No : (01) 2301367, 2301368, 2301452, 2301378

## ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ရွှေမန်းသူ
09-254781060



➢ မန္တလေးအခြေစိုက်
09-426500153



➢ တော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၉ ရက်**တွင် ချောင်းဝပြည်တွင်း ကမ်းရိုးတန်းသွားဆိပ်ကမ်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၃၈၄၈၀၀၀)ကိုအကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **မတ်လ ၂၁ ရက်**တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗဟန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့်လှည်းကူးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၄)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၄၈၀၀၀)**ကိုဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မတ်လ ၂၀ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ဘားအံစက်မှုဇုန်အနီး၌မော်တော်ယာဉ်(၃၀)ပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၄၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၉၉၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၈)စီး၊ Isuzu Giga Truck (၆)စီး၊ Nissan Diesel Truck (၅)စီး၊ Hino Profia Truck (၃)စီး၊ Doh Shwe Myanmar Truck (၂)စီး၊ Nidi Truck (၂)စီး၊ Yar Zar Tun Truck (၁)စီး၊ Diamond Truck (၁)စီး၊ Hino Truck (၁)စီး၊ Shwe Htu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၉၉၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၅ ဒသမ ၀၁၁)တန်၊ အခြားသစ်(၃ ဒသမ ၆၇၅)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၉၃၈၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျော်ဘွယ်မြို့နယ်၊ အမရပူရမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင်မီးသွေး(၃၇ ဒသမ ၇၈၆)တန်နှင့် Toyota Townace မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၉၇၃၃၂) ကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် သာစည်မြို့နယ်တို့၌ တရားမဝင် အခြားသစ် (၁၂ ဒသမ ၂၁၅)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၈၅၈၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၇၅၉၁၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်၌ တရားမဝင် အခြားသစ် (၁၅ ဒသမ ၆၃၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၅၆၂၇)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့၊ (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တန့်ယန်းမြို့မှတောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Ipsum (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၂၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (၁ ဒသမ ၇၇၁)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၈၈၃)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၃၃၉၂၈၀၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

# မိုးညှင်းမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၁

မိုးညှင်းမြို့နယ်နှင့်တာချီလိတ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မတ်လ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် ဖြိုးငြိမ်းဦး မောင်းနှင်ပြီး သန်းထိုက်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို(ဒေသတန်ဖိုးငွေကျပ် သိန်း ၁၁၀၀ ) ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ကော်ထူ(ခ) နေသူရိန် ငှားရမ်းနေထိုင်သည့် နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၁ ဒသမ ၇ ကီလို(ဒေသတန်ဖိုးငွေကျပ် သိန်း ၁၈၇၀ ) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် မတ်လ ၂၀ ရက် နံနက် ၁၁ နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက်ရှိ လင်းထွဋ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၄၃၂ သိန်း) သိမ်းဆည်းရမိခဲ့ပြီး နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ၎င်းငှားရမ်းနေထိုင်သည့် နေအိမ်မှစိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀၀ (ဒေသတန်ဖိုးငွေ ၁၃၆ သိန်း) ကိုလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ကွင်းဆက်တရားခံ စိုင်းအွန်(ခ)စိုင်းခမ်းကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ မွန်းလွဲ ၁၂ နာရီခွဲတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် မြို့ရှောင်လမ်းအနီးတွင် ၎င်းသိုဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၉၆၀ ) ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ကော်ထူ(ခ)နေသူရိန် စိုင်းအွန်(ခ)စိုင်းခမ်းနှင့်လင်းထွဋ်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

❑ **ကျောဖုံးမှအဆက်**

ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်အထောက်အထားစာရင်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mrs.Nancy Wanjiru Mwangi နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့၊ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၅၀ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား ၁၀၄ ဦး၊ စုစုပေါင်း ၂၅၄ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မတ်လ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၈၇၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၇၂၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  မတ်  ၂၁

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Hybrid Format ဖြင့် ဥပဒေရေးရာဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး တက်ရောက်သည်။

အစည်းအဝေးသို့ နေပြည်တော်ရှိ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များက လူကိုယ်တိုင်တက်ရောက်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေရေးရာလုပ်ငန်းကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့မှကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီတို့မှ ကိုယ်စားလှယ်တို့က Online မှလည်းကောင်း တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ဥပဒေရေးရာလုပ်ငန်းကော်မတီအနေဖြင့် ဒုတိယငါးနှစ်စီမံချက်(၂၀၂၄-၂၀၂၈) အချက်(၅)ချက်ဆောင်ရွက်သွားရန်ပါရှိကြောင်း၊ ၎င်းတို့မှာ (၁) ပုံမှန်အစည်းအဝေးများကို သုံးလတစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အရေးပေါ်အစည်းအဝေးများကျင်းပရန်၊ (၂)လုပ်ငန်းစီမံချက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများအား ကော်မတီဝင်များနှင့်ကျင်းပရန်၊ (၃) ဥပဒေများကို လိုအပ်ပါက ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီဝင်များ၊ အခြားလုပ်ငန်းကော်မတီများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့်ဆွေးနွေးခြင်းများအား ဆောင်ရွက်သွားရန်၊ (၄)ကလေးအလုပ်သမားခိုင်းစေမှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စစ်ဆေးအရေးယူခြင်းများအား ဆောင်ရွက်သွားရန်နှင့် (၅)ပူးပေါင်းဆောင်ရွက်မည့်သူများကို အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများအားဆောင်ရွက်သွားရန်တို့ဖြစ်ကြောင်း၊ အဆိုပါအချက်ငါးချက်ကို မိမိတို့လုပ်ငန်းကော်မတီဝင်များက အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းနှင့် အဆိုပါလုပ်ငန်းစီမံချက်အရ ဆောင်ရွက်ရမည့်အချက်ကိုးချက်ရှိပြီး ယင်းအချက်များကို အမျိုးသားအဆင့်ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် ဥပဒေရေးရာလုပ်ငန်းကော်မတီအတွင်းရေးမှူး ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်က ဥပဒေရေးရာလုပ်ငန်းကော်မတီ သတ္တမအကြိမ်အစည်းအဝေးမှတ်တမ်းကို အတည်ပြုခြင်း၊ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ လက်ရှိဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ၏ ကလေးအလုပ်သမားနှင့်သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်၊ ကောက်နုတ်ချက်များကို ဖြည့်စွက်မည့်အကြောင်းအရာများနှင့် ဥပဒေရေးရာလုပ်ငန်းကော်မတီဝင်များက ဆောင်ရွက်ရမည့်ကိစ္စများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဒုတိယငါးနှစ်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈)အရ ကလေးအလုပ်သမားပပျောက်ရေးနှင့်စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးကိစ္စများ၊ ဆောင်ရွက်ဆဲကိစ္စများ၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူးက အဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ရန်အချက်ငါးချက်ကို ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# ရှားနေကြာကိုးမျိုးအပါအဝင် ပြည်ပနေကြာမျိုးများ၏ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ရိတ်သိမ်း

နေပြည်တော်  မတ်  ၂၁

နေပြည်တော်ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း (GAP) စံပြစိုက်ကွင်း၌ မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသည့် ပြည်ပမှအသစ်တင်သွင်းသော နေကြာကိုးမျိုးအပါအဝင် ပြည်ပနေကြာမျိုးများကို ယနေ့နံနက်ပိုင်းတွင် ရိတ်သိမ်းရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ရှစ်မြို့နယ်မှ စိုက်ပျိုးနည်းပညာပေးဝန်ထမ်းများ၊ နေကြာစိုက်တောင်သူများ ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးက စက်ကိရိယာများနှင့်ကာလကြာရှည်စွာ ထွန်ယက်စိုက်ပျိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ကျတ်တီးလွှာရှိသည့်စိုက်ပျိုးမြေတွင် အမြစ်ဆင်းအားကောင်းမွန်သည့် နေကြာသီးနှံစိုက်ပျိုးပေးခြင်းဖြင့် မြေဆီလွှာများ ပြုပြင်ရန် များစွာအသုံးဝင်ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးအတွက် ဆီထွက်သီးနှံနေကြာမျိုးစေ့ လိုအပ်ချက် ဖြည့်တင်းပေးနိုင်ရန် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်ငန်းတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ စပ်မျိုးနေကြာစိုက်ပျိုးခြင်းအပြင် သဘာဝဝတ်မှုန်ကူးမျိုး ဆင်းရွှေကြာ(၂)မျိုးသည်လည်း အထူးအရေးပါကြောင်း၊ တောင်သူများ ကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် နည်းပညာပေးခြင်းကို အထူးအလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆင်းရွှေကြာ(၂)မျိုးအား နှစ်စဉ် စံပွင့်ရွေးချယ်မျိုးခံစိုက်ပျိုးသည့် အလေ့အထအား တောင်သူများ လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ရေးနှင့် မျိုးမြှင့်တင်ခြင်းလုပ်ငန်းအား မိမိတို့ဝန်ကြီးဌာနက တွန်းအားပေးဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်က နေကြာသုတေသန ဖွံ့ဖြိုးရေးနှင့် မျိုးစေ့စီးဆင်းမှုစနစ် မှန်ကန်ကောင်းမွန်ရေး တွန်းအားပေးဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်တာဝန်ခံက ပြည်ပမှ အသစ်တင်သွင်းသော နေကြာကိုးမျိုးအား စံကွက်ရိတ်သိမ်းမည့် အစီအစဉ်များအား ရှင်းလင်းပြသပြီး နေကြာမျိုးကိုးမျိုးအနက် နေကြာမျိုးရှစ်မျိုး စံကွက်ရိတ်သိမ်းခြင်းကို လက်တွေ့ပြသကြသည်။ ဆက်လက်၍ တောင်သူများအား စိုက်ကွင်းအတွင်း ရိတ်သိမ်းရန် အသင့်ဖြစ်နေသည့် နေကြာစိုက်ခင်းတစ်ခင်းချင်းကိုပြသပြီး တောင်သူများသိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)




⇨ ကျောဖုံးမှအဆက်

ရန်ကုန်-ပုသိမ်-ချောင်းသာ-ငွေဆောင်လမ်း၊ သာစည်-ကလော-အင်းလေး-တောင်ကြီးလမ်း၊ မန္တလေး- မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုပ္ပား-ပုဂံလမ်း၊ မန္တလေး-ပြင်ဦးလွင်လမ်း၊ မကွေး-မင်းဘူး-ရွှေစက်တော်လမ်းများပေါ်ရှိအရောင်းဆိုင်များနှင့် မြို့ကြီးများရှိ အဓိကအရောင်းဆိုင်များသို့ စက်သုံးဆီကြိုတင်ဖြည့်တင်းထားခြင်းကြောင့်လာမည့် မဟာသင်္ကြန်ကာလအပါအဝင်အများပြည်သူရုံးပိတ်ရက်ရှည်များတွင် စက်သုံးဆီများကိုလိုအပ်သည့်နေရာတွင်လိုအပ်သလောက် အဆင်ပြေလွယ်ကူချောမွေ့စွာဝယ်ယူသုံးစွဲနိုင်ကြမည်ဖြစ်သည့်အပြင် အခြားလုပ်ငန်းကဏ္ဍအသီးသီးတို့တွင်လည်း လိုအပ်သလောက် ဝယ်ယူသုံးစွဲနိုင်ကြမည်ဖြစ်သဖြင့် လုပ်ငန်းများပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

စက်သုံးဆီဈေးနှုန်းများသည်လည်း မတ်လအတွင်းတွင် ဆက်တိုက်ကျဆင်းလျက်ရှိရာ ယခုအပတ်တွင်လည်း ယခင်ကထက် တစ်လီတာလျှင် ၇၀ ကျပ်မှ ၇၅ ကျပ်အထိ ထပ်မံကျဆင်းခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

**ပျောက်ဆုံးကြောင်း**
ရွှေစင်သန်း(ဘ)ဦးစံကြည် ၁၂/ဥကတ(နိုင်)၁၃၆၆၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 679204)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၆၉၆၁၉

**ပျောက်ဆုံးကြောင်း**
ပါချွန်း(ဘ)ဦးမူတူး ၁၂/ကတန(ပြု) ၀၀၀၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 062495)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၀၈၈၂၅၄၀

**ပျောက်ဆုံးကြောင်း**
ခိုင်ခိုင်ဖြိုး(ဘ)ဦးသိန်းတင် ၁၀/ပမန(နိုင်)၁၉၉၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 197923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၄၂၉၅၉၇

**ပျောက်ဆုံးကြောင်း**
ခင်ခင်ဆယ်(ဘ)ဦးအောင်ဖေ ၁၂/သကတ(နိုင်)၀၂၃၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၆၅၄၀၈

**ပျောက်ဆုံးကြောင်း**
မန်းဇနွမ်း(ဘ)ဦးကိုင်းဇဒိုး ၄/တတန(နိုင်)၀၂၀၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 600882)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၇၀၁၄၆၁

**ပျောက်ဆုံးကြောင်း**
ကျော်သူရ(ဘ)ဦးအောင်ကျော်သိန်း ၁၂/လသယ(နိုင်)၀၂၉၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးအေးမွန်(ဘ)ဦးဝင်းရွှေ ၁၂/မဂဒ(နိုင်)၀၉၀၃၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 250043)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၂၃၂၇၂၈

**ပျောက်ဆုံးကြောင်း**
ဇင်လင်းထွန်း(ဘ)ဦးခင်ထွန်း ၁၂/သခန(နိုင်)၁၇၉၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 096074)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၆၅၆၉၉

**ပျောက်ဆုံးကြောင်း**
ဝင်းဝင်းအေး(ဘ)ဦးတင်ဝင်း ၆/ကစန(နိုင်)၀၅၁၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၃၀၈၇၉၃

**ပျောက်ဆုံးကြောင်း**
သိုက်အောင်(ဘ)ဦးကျော်ငွေး ၉/မထလ(နိုင်)၃၈၆၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 902784)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၉၆၁၁၉၀၂

**ပျောက်ဆုံးကြောင်း**
လားလ်နွယ်ထားရီ(ဘ)ဦးအောင်ကျော်ဝင်း ၇/ကတခ(နိုင်)၂၃၀၅၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 894938)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကလျာ(ဘ)ဦးစောဝင်း ၇/ပတန(နိုင်)၁၃၀၁၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 920929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ညောင်လေးပင်မြို့၊ ဝါဆိုရပ်ကွက်နေ နှင်းယုလှိုင်(ဘ)ဦးခင်စိုး ၇/ညလပ(နိုင်)၁၅၉၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက္ကဝတ်(၃)လမ်း၊ အိမ်အမှတ်(၂၄၅)နေ ခင်မျိုးရီ(ဘ)ဦးသန်းရှိန် ၁၂/ဥကမ(နိုင်)၁၈၅၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**အစုရှယ်ယာလွှဲပြောင်းခြင်း**
၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "PEM COMPANY LIMITED" ဒါရိုက်တာ၏ အစုရှယ်ယာရှင် အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း 50,000,000/-(ကျပ်သိန်းငါးရာတိတိ)မှ ကျပ်သိန်း 10,000,000/-(ကျပ်သိန်းတစ်ရာတိတိ) သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။
PEM COMPANY LIMITED
DAW MAY THANT SIN

**ပျောက်ဆုံးကြောင်း**
တောင်ငူမြို့၊ မင်းကြီးဆွေရပ်ကွက်နေ အေးအေးချို(ဘ)ဦးမောင်မောင်သန်း ၇/တငန(နိုင်)၁၃၁၇၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အစုရှယ်ယာလွှဲပြောင်းခြင်း**
၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "TOE TAT LA MIN COMPANY LIMITED"ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း 105,000,000/-(ကျပ်သိန်းတစ်ထောင့်ငါးဆယ်တိတိ)မှ ကျပ်သိန်း 1,000,000/-(ကျပ်ဆယ်သိန်းတိတိ) သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။
TOE TAT LA MIN COMPANY LIMITED
U TUN TUN AYE

**ပျောက်ဆုံးကြောင်း**
မောင်တင့်ဆွေ(ဘ)ဦးရွှေဘော် ၉/ပမန(နိုင်)၂၅၀၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

အလိမ္မာစာမှာရှိ





### ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ.ထ.က(ခွဲ)-ဇဝဲကျောင်း Grade-8 အတန်းမှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ၆/တသရ(နိုင်)၀၁၁၂၂၃ ကိုင်ဆောင်သူ ဦးဘထူးဖြစ်ပါကြောင်း။ **ဦးဘထူး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စံပယ်(၅)၊ တိုက်(၃၃)၊ အနော်ရထာရပ်ကွက်၊ ဓေယျာသီရိတွင်နေထိုင်သော ဦးမျိုးထွန်းနိုင် ၉/တသန(နိုင်)၁၂၉၂၄၅ ကိုင်ဆောင်သူ၏ဖခင် ၉/တသန(နိုင်)၀၁၂၅၁၀ ကိုင်ဆောင်သူ ဦးဝင်းစိန်နှင့် ဦးမောင်စိန်သည် အမည်နှစ်မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ပါသည်။

**ဦးဝင်းစိန်(ခ)ဦးမောင်စိန်**

### ပျောက်ဆုံးကြောင်း

ဇော်မျိုးထွန်း(ဘ)ဦးသိန်းဟို ၁၀/သဖရ(နိုင်)၁၁၁၂၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

### ဝမ်းနည်းကြေကွဲခြင်း
### စည်သူဦးစိုင်းလုံးဆိုင်
### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်(ငြိမ်း)
### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(ငြိမ်း)
### ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ(ငြိမ်း)
### အသက်(၇၈)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ မိုင်းယန်းလမ်း၊ အိမ်အမှတ်-၆(က)နေ စည်သူဦးစိုင်းလုံးဆိုင် အသက်(၇၈)နှစ်သည် ၁၉-၃-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးစဝ်အောင်မြတ်နှင့်မိသားစု**
**ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ ရှမ်းပြည်နယ်လွှတ်တော်**

### ပျောက်ဆုံးကြောင်း

မအိဖြိုးနွယ်(ဘ)ဦးချစ်ထွန်း ၁၀/ရမန(နိုင်)၁၁၄၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

### ပျောက်ဆုံးကြောင်း

မအေးသဇင်ခိုင်(ဘ)ဦးထွန်းမြင့် ၁၀/မဒန(နိုင်)၂၄၄၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၅၈၄၇၈

### ပျောက်ဆုံးကြောင်း

အိကြွယ်ကြွယ်စံ(ဘ)ဦးသန်းရွှေ ၉/ဝတန(နိုင်)၁၅၄၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၃၀၄၅၅၈၂

## ကျေးဇူးတင်လွှာ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို(၁၇-၃-၂၀၂၅)ရက်နေ့မှ (၂၂-၃-၂၀၂၅)ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာပြီးမြောက်စေရန် စောင့်ရှောက်ကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

### MAXWIN COMPANY LIMITED
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)
### အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ခုနှစ်၊ မတ်လ(၂၁)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်၏ အထူးအစည်းအဝေးတွင် ဒါရိုက်တာဖြစ်သူ ဦးစိုင်းကျော်ဝင်းမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ၂၀၂၅ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **U SHIN NYEIN** | **U Sai Kyaw Win** |
| **ADVOCATE(SR-NO.4644)** | **Director** |
| **LIQUIDATOR** | **Maxwin Company Limited** |

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်၊ ပညာဘဏ်လမ်းထိပ်၊ ရန်ကုန်-မန္တလေးလမ်း၊ဦးပိုင်အမှတ်(၁၇/၂၀၉)၊ မြေကွက်အမှတ်(A-4, A-5)၊ ကွင်းအကွက်အမှတ်(၁၇-စ/ကျီတော်ကုန်း)နေ၊ ဒေါ်ဖြိုးအိအိသိမ့်(၉/မထလ(နိုင်)၂၇၅၈၄၇)ကိုင်ဆောင်သူမှ အလျား(၂၇'-၀" x အနံ ၂၅'-၀")RC(၁)ထပ်ခွဲ Slab မိုး အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

မေသူထက်(ဘ)ဦးမိုးသူ ၉/ပမန(နိုင်)၂၃၄၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၅၁၃၁၂၁၅

### ပျောက်ဆုံးကြောင်း

ဇင်မင်းရွှေ(ဘ)ဦးမင်းလွင် ၇/ရတန(နိုင်)၁၁၁၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မြင့်မြင့်အေး(ဘ)ဦးချစ်မောင် ၁၄/ကကန(နိုင်)၀၀၈၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 884357)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်

အ.ထ.က(၂)ပုသိမ်၊ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ Grade-11 မှ နော်ဒီစနိုးစေး၏ဖခင်ဦးခူစေး၏အမည်မှန်မှာ စောဟဲခူစေး ၁၄/ပေတ(နိုင်)၁၃၉၄၂၂ ဖြစ်ပါကြောင်း။

**စောဟဲခူစေး**

### အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "MY ZWE COMPANY LIMITED"အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်(၁၉-၃-၂၀၂၅)နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် အရာရှိအဖြစ် ဦးရှင်ငြိမ်း(တရားလွှတ်တော်ရှေ့နေ) အမှတ်(၅၂)၊ (၅၆)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိသည်နှင့် ပေးရန်ရှိသည်များကို (၉-၄-၂၀၂၅)ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရှင်ငြိမ်း(H.G.P.,LL.B.)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၄၆၄၄/၁၆-၆-၁၉၈၈**
**ဖုန်း-၀၉၅၀၄၃၀၄၆**

### ပျောက်ဆုံးကြောင်း

မျိုးမင်းခန့်(ဘ)ဦးတင်ထွန်း ၅/ခဥန(နိုင်)၁၂၇၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

သော်တာလင်း(ဘ)ဦးသိန်းလွင် ၉/စကတ(နိုင်)၁၄၉၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ဂွမ်ဆန်အောင်(ဘ)ဦးခမ်းကွမ် ၁၃/နခန(နိုင်)၀၄၇၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

မဥ္ဇူမိုး(ဘ)ဦးမြင့်ဦး ၁၂/ဒဂဆ(နိုင်)၀၁၂၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 674618)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၂၀၃၂၀၄

### အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းဆဲ

၁။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ "JOBSTER COMPANY LIMITED"အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်(၁၉-၃-၂၀၂၅)နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် အရာရှိအဖြစ် ဦးရှင်ငြိမ်း(တရားလွှတ်တော်ရှေ့နေ) အမှတ်(၅၂)၊ (၅၆)လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ထားပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိသည်နှင့် ပေးရန်ရှိသည်များကို (၉-၄-၂၀၂၅)ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရှင်ငြိမ်း(H.G.P.,LL.B.)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၄၆၄၄/၁၆-၆-၁၉၈၈**
**ဖုန်း-၀၉၅၀၄၃၀၄၆**

❖ ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ် . . .

❖ ပညာရေးသည်အခြေခံဖြစ်သဖြင့် အဓိကကျ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၄၉ ဦးနှင့် ကင်ညာနိုင်ငံသား ၄၈ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း



နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော်　မတ်　၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၉ ဦးနှင့် ကင်ညာနိုင်ငံသား ၄၈ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ယနေ့တွင် ပြည်နှင့်လွှဲပြောင်းပေးပြီး ပြည်ပနိုင်ငံသား ၂၅၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။ စာမျက်နှာ ၂၉ ကော်လံ ၁ ❑

## ပြည်ပမှစက်သုံးဆီများ စဉ်ဆက်မပြတ်တင်သွင်းရောက်ရှိ စက်သုံးဆီဈေးနှုန်းများ လျော့နည်းကျဆင်း

နေပြည်တော်　မတ်　၂၁

ပြည်ပမှစက်သုံးဆီများ စဉ်ဆက်မပြတ်စီမံတင်သွင်းလျက်ရှိသဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုအခြေအနေမှာ နေ့စဉ်သုံးစွဲမှုပမာဏအပြင် အရန်ဆီအနေဖြင့်လည်း ရက်သတ္တသုံးပတ်စာခန့်အထိ ကြိုတင်တင်သွင်းသိုလှောင်ထားရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် သီလဝါရှိ ဆီချဆိပ်ကမ်းများတွင် စက်သုံးဆီတင်သင်္ဘော သုံးစင်း ဆိုက်ကပ်ချယူလျက်ရှိပြီး လမ်းခရီးတွင် ခုနစ်စင်း၊ ပြည်ပနိုင်ငံတွင် စက်သုံးဆီတင်ဆောင်နေသော သင်္ဘောလေးစင်းနှင့် စက်သုံးဆီတင်ရန်စောင့်ဆိုင်းနေဆဲ ခြောက်စင်းအပါအဝင် မတ်လအတွင်း သင်္ဘောအစင်း ၃၀ ဖြင့် ပြည်ပမှစက်သုံးဆီများ စဉ်ဆက်မပြတ်စီမံတင်သွင်းလျက်ရှိသည်။

သီလဝါဒေသ သိုလှောင်ကန်စခန်းများမှ နိုင်ငံတစ်ဝန်းရှိအရောင်းဆိုင်များနှင့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းအပါအဝင် အခြားလုပ်ငန်းကဏ္ဍအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် အဓိကဆက်သွယ်ရေးလမ်းကြောင်းကြီးများဖြစ်သည့် ရန်ကုန်-ပဲခူး- နေပြည်တော်-မန္တလေးအမြန်လမ်း၊ စာမျက်နှာ ၃၀ ကော်လံ ၄ ⇨

## ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့

ဆောင်းပါး စာ - ၁၃ သို့

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့